မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၇၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုက်ကယ်စတန်းဘတ်ခ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုက်ကယ်စတန်းဘတ်ခ် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အိုင်အိုနစ် ပါပါဒိုပိုးလော့စ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ လာရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အိုင်အိုနစ် ပါပါဒိုပိုးလော့စ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၀ ရက်)

စစ်မှုထမ်းဟောင်းအဖွဲ့ ကျစ်လျစ်ခိုင်မာရေး အလေးထား စည်းရုံးဆောင်ရွက်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ် စည်းရုံးရေးကော်မတီများသည် စနစ်တကျဖွဲ့စည်းလှုပ်ရှား ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပုံမှန်လည်ပတ်လျက် ရှိသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်အင်အားမှာလည်း တိုးပွားဖြစ်ထွန်းလာပြီး အဖွဲ့အစည်းတည်ငြိမ်ခိုင်မာတည့်တံ့ရေးအတွက် အရေအတွက်မှသည် အရည်အချင်းသို့ ပြောင်းလဲတိုးတက်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဗဟိုစည်းရုံးရေး ကော်မတီဝင်များအနေဖြင့် အဖွဲ့ကြီး၏ရည်ရွယ်ချက်၊ ရည်မှန်းချက် ပြည့်မြောက်အောင်မြင်သည်အထိ စနစ်တကျ စည်းရုံးလှုပ်ရှားသွားကြရမည် ဖြစ်သည်။

အမျိုးသားညီလာခံကြီး၏ အောင်မြင်ပြီးဆုံးမှုသည် နိုင်ငံတော် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၏ ပထမအဆင့် အောင်ပွဲပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ကျရာအခန်းကဏ္ဍက ပါဝင်ပံ့ပိုးသွားကြရမည် ဖြစ်သည်။

နိုင်ငံတော်သစ်ဆီသို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းလျက်ရှိရာတွင် အဖျက်အမှောင့် အန္တရာယ်များကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက တိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ပူးပေါင်းကာကွယ်ပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် အဖွဲ့အဆင့်ဆင့် ကျစ်လျစ်ခိုင်မာစွာ ဖြစ်ထွန်းနေစေရေး၊ အဖွဲ့ဝင်အင်အားတိုးပွားစေရေး စည်းရုံးဆောင်ရွက်ရင်း အရည်အချင်း တိုးတက်ခိုင်မာစေရန် လေ့ကျင့်ပေးရေးနှင့် အဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် အလေးထား စည်းရုံးသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန တစ်နေ့တာဆွမ်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၉

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော်များနှင့် သင်တန်းသား ရဟန်းတော် ၄၂၄ပါးတို့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့ကို အမှူးထား၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး ဒေါ်သီတာဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန ဌာနမှူး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသာဂရညာဏ ထံမှ ငါးပါးသီလခံယူကာ ဒုတိယဝန်ကြီး နှင့်ဇနီး၊ ဌာနအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၃၃၅၀၀၀ကို ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဝင်းက လက်ခံပြီး ဆရာတော်၊ သံဃာတော်များထံမှ အနုမောဒနာတရားတော် နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။**(အပေါ်ပုံ)**

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဆရာတော်၊သံဃာတော်များအား ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း ဆောက်လုပ်ရေးငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဦးကြည်လွင်၊ ဒေါ်ကျင်ပြုံး (ကြည်သာပွဲရုံ)မိသားစုက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးအေးမြင့်တို့က လက်ခံယူကြသည်။**(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမှတ် ၁၈၉/က ၃၄လမ်း ကျောက်တံတားမြို့နယ်နေ ဦးတင်ထွေးက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၀-၇-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ပညာခေတ်
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၃၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁၀)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား (သား) ပေါင်ချိန်** (အပိုင်း-၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး မစ္စတာ မိုက်ကယ်စတန်းဘတ်ခ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဝိပဿနာအလုပ်ပေး (တစ်လ)တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၉

ဇလွန်မြို့နယ် လမ်းမတော်မြောက်မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ် ၁၃ ရက်) တနင်္လာနေ့မှ ဝါခေါင်လကွယ်နေ့ (စက်တင်ဘာ ၁၁ ရက်) အင်္ဂါနေ့အထိ (တစ်လ) တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံတပည့်များဖြစ်သော ဓမ္မကထိက အင်းမမြို့ တက္ကသိုလ်ကျောင်းဆရာတော် အရှင် ဦးသာဂရ အရှင်သူမြတ်၊ ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်နှင့် ကမ္မဋ္ဌာန်း နည်းပြဆရာ ဦးအေးဖေတို့သည် ဗုဒ္ဓအလိုတော်ကျ ပရိညာသုံးပါးအခြေခံထား၍ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်တရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောပြောပြသကြမည်ဖြစ်၍ ရန်ကုန်မှ လိုက်ပါလိုသောယောဂီများသည် ဖုန်း-၅၅၄၄၃၅၊ ၅၈၄၈၆၇ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တာမွေမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၉

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ စည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၂/၃၃) ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲက အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း သင်တန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ တာမွေမြို့နယ် အသင်းအတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းတာဝန်ခံ အလုပ်အမှုဆောင် ဦးအောင်ကိုကိုနှင့် သင်တန်းကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက် စည်းရုံးရေးမှူးများနှင့် အား/ကာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်**(အောက်ပုံ)**နှင့် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့က သင်တန်းဖွင့် အမှာစကားပြောကြားကြသည်။

သင်တန်းများသို့ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

■ ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အိုင်အိုနစ် ပါပါဒိုပိုးလော့စ် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၇-၂၀၀၇ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၆:၅၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇:၄၀ ၆။ **တစ်သက်စာ** ထွန်းထွန်း(Examplez)၊သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၅ ၁၀။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာ ရွှေအိပ်မက်** (အပိုင်း-၁၅)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၂၆)
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ၂၀၀၇

၂၀၀၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့

မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု

Men as partners in Maternal Health

၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၁ရက် 11th July 2007

ယခုနှစ်ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်သည် **'မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု'** ဟူ၍ဖြစ်သည်။ မူရင်းမှာ Men as Partners in Maternal Health ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေနေ့ကို နှစ်စဉ် ဇူလိုင်လ ၁၁ရက်နေ့တွင် ကျင်းပသည်။

လူ့အဖွဲ့အစည်းအတွင်း အမျိုးသားနှင့် အမျိုးသမီးတို့သည် equality (ခေါ်) သာတူညီမျှရှိမှု ရှိရမည် ဖြစ်သည်။ ကျား၊ မ ခွဲခြားမှု မရှိသင့်ချေ။ ပဋိသန္ဓေတားခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် HIV/AIDS ရောဂါစသည်ဖြင့် လိင်နှင့်ပတ်သက်သော ရောဂါတို့ကို အမျိုးသမီးအများအပြား ရင်ဆိုင်ကြရခြင်းမှာ အမျိုးသားထုသည် ၎င်းတို့ကိုယ်တိုင်အတွက်ရော အမျိုးသမီးများအတွက်ပါ မျိုးပွားခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သတိမမူ အလေးမထားခဲ့သောကြောင့် ဖြစ်သည်။

အမျိုးသားအချို့က အိမ်ထောင်သည် ယောကျ်ားဟူသည် စီးပွားရေး၊ နိုင်ငံရေး စသည်တို့နှင့်သာသက်ဆိုင်ပြီး အိမ်တွင်းရေး၊ မိသားစုရေးနှင့် တိုက်ရိုက်မသက်ဆိုင်ဟူ၍ ယူဆတတ်ကြသည်။ ခင်ပွန်းယောကျ်ားဟူသည် အိမ်ထောင်ဦးစီးဖြစ်ပြီး တစ်အိမ်လုံးကို ရှာဖွေကျွေးမွေးသူဖြစ်သဖြင့် အထူးအခွင့်အရေး ရယူနိုင်သူများ ဖြစ်သည်ဟူ၍လည်းကောင်း၊ စိတ်လှုပ်ရှားခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းခြင်းတို့သည် ယောကျ်ားအလုပ်မဟုတ် ဟူ၍လည်းကောင်း ယူဆခဲ့ကြသည်။

ယောကျ်ားတို့သည် ဤသို့သော အရိုးစွဲလာသော အယူအဆကို အခြေခံ၍ သူတို့ဘဝကို သူတို့ တည်ဆောက်ကြသည်။ သူတို့အောင်မြင်မှုကို သူတို့ရှာဖွေကြသည်။ ဤတွင် လွဲချော်မှုတို့ ဖြစ်ပေါ်လာသည်။ မိသားစုနှင့် ကင်းကွာခြင်းလွဲချော်မှု၊ ကျိုးကြောင်းမဲ့ စိတ်ဖိစီးမှုတို့ကို ခံစားရခြင်း လွဲချော်မှုတို့ဖြစ်သည်။

ယောကျ်ားဖြစ်သူက ရိုးရာအစွဲအလမ်းအရ ဦးစီးဦးဆောင်ပြုပြီး ဩဇာလွှမ်းမိုးသောဝလေ့သည် အိမ်ထောင်ပြုသူ ယောကျ်ားရော၊ မိန်းမကိုပါ အကျပ်အတည်း ကျရောက်စေပြီး နှစ်ဦးနှစ်ဖက်စလုံး ပျော်ရွှင်ချမ်းမြေ့မှုမရှိနိုင်သော အိမ်ထောင်တစ်ခုကို တည်ဆောက်မိလျက်သားဖြစ်သွားကြသည်။ ဤသို့ဖြစ်လာသဖြင့် မိန်းမသည် ယောကျ်ားမရှိပါက ဘဝလိုအပ်ချက် ရပ်တည်မှု၌ ခက်ခဲသွားတတ်ပြီး ယောကျ်ားကလည်း မိန်းမမပါလျှင် ချက်ပြုတ်လျှော်ဖွပ်မှု၌ ခက်ခဲရုံမျှမက၊ ကလေးပင် မထိန်းတတ်အောင် ဖြစ်သွားရတတ်သည်။

ရိုးရာဓလေ့ စံချိန်စံညွှန်းနှင့် မကိုက်ညီလျှင် ယောကျ်ားသည် ယောကျ်ားမပီသတော့ပါ။ ယောကျ်ားတာဝန် မကျေပွန်ပါဟု သတ်မှတ်ခံရပြီး ထိုယောကျ်ားတို့သည် အရက်စွဲခြင်း၊ အပျော်ရှာခြင်း၊ ဇနီးဖြစ်သူကို နိုင်လိုမင်းထက်ပြုခြင်း စသည့်မလိုအပ်သောနေရာတွင် စွန့်စားလာတတ်သည်။

ယောကျ်ားများက မိန်းမများကို အကြမ်းဖက်ခြင်းများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ ဤသို့ဖြစ်ပေါ်တတ်ခြင်း၏ အကြောင်းရင်းတို့၌ ပင့်ကူမျှင်သဖွယ် ရှုပ်ထွေးမှုရှိသည်။ ယောကျ်ားတို့၌ စိတ်ဖိစီးခံရမှု အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ ယောကျ်ားတို့သည် အိမ်ထောင်ဦးစီးအဖြစ် ၎င်းတို့၏ စိတ်လွတ်လပ်မှု၊ စိတ်ပျော်ရွှင်လိုမှု၊ စိတ်ဖြေဖျောက်လိုမှုတို့၌ အလိုအလျောက် ကန့်သတ်ထားပြီး ဖြစ်နေသည်။ ထိုခံစားချက်တို့ကို ဖော်ပြရန်၊ အားထုတ်ရန် အခွင့်မသာဖြစ်ရသော စိတ်ခံစားမှုကြောင့် ထိုယောကျ်ားသည် မိမိ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ မိမိကိုယ်မိမိလည်းကောင်း ရန်လိုလာတတ်သည်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် ၁၃ရာခိုင်နှုန်းသော အိမ်ထောင်ရှင်မိန်းမတို့သည် ၎င်းတို့ခင်ပွန်း၊ ယောကျ်ားတို့၏ အကြမ်းဖက်မှုကို ခံကြရသည်။ ထိုနိုင်ငံ၏ မြို့ပြဒေသ၌ အဖြစ်များသည်။ ယောကျ်ားဖြစ်သူက အလုပ်လက်မဲ့ဖြစ်နေကြပြီး မိန်းမကလည်း လောက်ငအောင် မရှာဖွေနိုင်သော အိမ်ထောင်တို့မှာ ဖြစ်တတ်သည်။ ထို့ပြင် နှစ်ဦးလုံးအလုပ်ရှိပြီး မိသားစုဝင်ငွေထက်ဝက်ကို မိန်းမကရှာဖွေသော အိမ်ထောင်တို့မှာလည်း ဖြစ်ပေါ်တတ်သည်။ အချို့အဖြစ်များသော အကြမ်းဖက်မှုတို့တွင် ယောကျ်ားဖြစ်သူက ရရှိလာသောငွေကြေးကို ဗုက်ထားလျှင်လည်း ဖြစ်တတ်သည်။ အခြားဖြစ်ရပ်မှာ ယောကျ်ားတို့သည် ငွေကြေးမရှာဖွေနိုင်လေလေ ဇနီးကို နှိပ်စက်လေလေဖြစ်ပြီး ဝင်ငွေတစ်ဝက်ရှာဖွေနိုင်လျှင် တစ်ခါတစ်ရံသာ နှိပ်စက်တတ်ပြီး အိမ်ထောင်ဝင်ငွေကို လုံးဝ တာဝန်ယူထားနိုင်သော ယောကျ်ားဖြစ်ပါက ဇနီးကို လုံးဝမနှိပ်စက်နိုင်ဟု အကြမ်းဖျင်း ယူဆနိုင်သည်။

ထို့ပြင် အကြောင်းကိစ္စ တစ်ခုခုကိုဆုံးဖြတ်ရာတွင် လင်နှင့်မယား အချင်းချင်း တိုင်ပင်ဆုံးဖြတ်ကြပါက လင်မယားချင်း အကြမ်းဖက်နှိပ်စက်ခြင်းကို မတွေ့ရှိရပါဟုဆိုသည်။ ဆုံးဖြတ်ချက်တို့ကို အတူတကွ မချမှတ်သော အိမ်ထောင်၌ ခင်ပွန်းကဇနီးကို ရိုက်နှက်နှုန်း ၂၅ရာခိုင်နှုန်းရှိပြီး အတူတူတိုင်ပင်ဆုံးဖြတ်သော အိမ်ထောင်၌ ၆ရာခိုင်နှုန်းသာ ရှိသည်ဟုဆို၏။ ဤတွေ့ရှိချက်ကြောင့် သိလာရသည်မှာ ပဋိသန္ဓေတားဆီးခြင်းနှင့် မျိုးပွားကိစ္စအပါအဝင် မိသားစုအရေးကိစ္စနှင့် တာဝန်ယူမှုတို့၌ ယောကျ်ားနှင့်မိန်းမ အတူတကွ တိုင်တိုင်ပင်ပင်ရှိပါက အိမ်ထောင်ခိုင်မြဲခြင်း၊ သာတူညီမျှရှိခြင်း၊ သာယာချမ်းမြေ့ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဒေါက်တာခင်မြင့်ဦး

လူ့အဖွဲ့အစည်းဟူသည် အပြောင်းအလဲ ဖြစ်ပေါ်နေတတ်သော သဘောရှိသည်။ သို့သော် ယောကျ်ား၊ မိန်းမအခန်းကဏ္ဍသည် လိုက်ပါပြောင်းလဲလေ့မရှိလှ။ ထို့ကြောင့် ယောကျ်ားဆိုသည်မှာ အိမ်ထောင်ဦးစီး၊ အိမ်ထောင်၌ ဩဇာအာဏာရှိသူ၊ ဆုံးဖြတ်ချက်ချခွင့်ရှိသူ၊ ပြင်ပရေးရာ၌လည်း တာဝန်ရှိသူဟူသော အစွဲအလမ်းတို့ ဆက်လက်တည်ရှိနေခြင်းဖြစ်သည်။ ယင်းအစွဲအလမ်းတို့၌ ကောင်းကျိုးမရှိချေ။ အမျိုးသမီးများ၏ စွမ်းဆောင်မှုက နေရာအသီးသီးတွင် ကျယ်ပြန့်လာသည့် အခါ၌ပင် ယောကျ်ားလွှမ်းမိုးမှု မပျောက်ပျက်နိုင်ဘဲရှိသဖြင့် လင်မယားချင်း ပဋိပက္ခများ ဖြစ်လာကြရသည်။ အမျိုးသမီးများကလည်း ယူထားသော တာဝန်အလိုက် စွမ်းဆောင်မှု အသီးသီးရှိလာကြသော ခေတ်ကာလ၌ စွမ်းဆောင်မှုနှင့် အတူရှိသင့်သော အခွင့်အရေးများ၊ လွတ်လပ်ခြင်းများ၌မူ တာဝန်ယူထားသလောက် မခံစားရဘဲ ရှိနေကြသည်။

'မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု' ဆိုရာ၌ အမျိုးသားတို့သည် Reproductive Health Decisions (ခေါ်) မျိုးပွားကျန်းမာရေးဆိုင်ရာ ကိစ္စများတွင် အလေးထားရမည်ဖြစ်ပြီး ထိုအလေးထားမှုသည် မိခင်များအပါအဝင် မိန်းမများအတွက် အင်အားဖြည့်တင်းရာ များစွာဖြစ်ရမည်။ မိသားစုတစ်စု၏ ဦးတည်ချက်မှာ မိသားစုဝင်အားလုံး ကောင်းမွန်ပြည့်စုံရေး ဖြစ်သည်။

အမျိုးသားထုသည် ကျား၊ မ အခွင့်အရေး တူညီခြင်း၌ အားပေးရမည်ဖြစ်သည်။ မိသားစုဝင်တို့၏ ကောင်းကျိုးအတွက် ထိုအမျိုးသားထုတို့ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများမှာ-

- **လက်တွဲဖော်ဇနီးသည်၏ ကျန်းမာရေးကိုကာကွယ်ရမည်။ ရွေးချယ်မှုများကို အလေးထားရမည်။**
- **မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးကိစ္စများကို ဦးဆောင်ချမှတ်ရမည်။ သားသမီးယူခြင်းကိစ္စ၊ သန္ဓေတားခြင်းကိစ္စများကို တိုင်ပင်ရမည်။ ပြဿနာများ ဖြေရှင်းပေးရမည်။ ကျန်းမာရေးအတွက် ဆေးကုသမှုပေးရာဌာနများသို့ ပို့လွှတ်ရမည်။**
- **အမျိုးသားတို့သည် မိမိ၏ကျန်းမာရေးကိုလည်း ကိုယ်တိုင်နားလည် သိရှိကာကွယ်နိုင်ရမည်။**
- **HIV/AIDS အပါအဝင် လိင်ကြောင့်ဖြစ်သော ရောဂါများ၊ မျိုးပွား ကျန်းမာရေးများအကြောင်း ဗဟုသုတ ရှိရမည်။**
- **လိင်ဆိုင်ရာ အကြမ်းဖက်မှုမှ ရှောင်ကြဉ်ရမည်။**
- **အားနည်းသူများအတွက် အန္တရာယ်ကို ကာကွယ်ပေးရမည်။ မိမိ၏ ယောကျ်ားပီသရေးအတွက် အခြားအားနည်းသူများကို အသုံးမချရ။**
- **ဖခင်ဘဝကို လေးမြတ်စွာခံယူရမည်။ ဇနီးဖြစ်သူ သားမွေးဖွားရာတွင်လည်းကောင်း၊ အိမ်ထောင်မှုကိစ္စရပ်များတွင်လည်းကောင်း၊ ရင်သွေးများ၏ ကျန်းမာရေးနှင့် အနာဂတ်အတွက်လည်းကောင်း၊ သားယောကျ်ားလေးများအား မိခင်နှင့် အမျိုးသမီးများကို လေးမြတ်တတ်ရန် လည်းကောင်း၊ သမီးမိန်းကလေးများနှင့် ပွင့်လင်းစွာတိုင်ပင် ဆွေးနွေးတတ်ရန်လည်းကောင်း၊ သားသမီး မြေးမြစ်များရသည်အထိ သိဖွယ်မှတ်ဖွယ်တို့ ဖြန့်ဝေရန်လည်းကောင်း တာဝန်ရှိသည်။**
- **မိသားစု၏ ကျန်းမာရေးနှင့် ပညာရေးတို့၌ ညီမျှစေရမည်။ သမီးမိန်းကလေးများကိုလည်း တန်းတူပညာသင်စေရမည်။ တန်းတူ စောင့်ရှောက်မှုပေးရမည်။ ငွေကြေးသုံးစွဲခွင့်ရှိခြင်း၌လည်း တန်းတူရှိရမည်။**

ယခုနှစ် ၂၀၀၇ ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်သည် မိခင်များမှ အစပြု၍ အမျိုးသမီးထုတစ်ရပ်လုံးအတွက် လွှမ်းခြုံထားသော ဆောင်ပုဒ်ဖြစ်ပါသည်။ သို့နှင့်ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာ သုတေသီတို့သည် အောက်ပါအတိုင်း လေ့လာမှု ပြုကြပါသည်-

က။ အာရှ-ပစိဖိတ်နိုင်ငံများ၌ မျိုးပွားခြင်းဆိုင်ရာနှင့် ကလေးသူငယ်ဆိုင်ရာ ကျန်းမာရေးတို့အတွက် အရေးကြီးသော အချက်အလက်များနှင့် ထိုအချက်အလက်များကို ကောင်းစွာ နားလည်ခြင်းအားဖြင့် စီမံကိန်းများ၊ စီမံချက်များ ပိုမို ကောင်းမွန်ခြင်း။

ခ။ လူဦးရေများပြားခြင်းကြောင့် ဖြစ်လာသော ပတ်ဝန်းကျင်ဖိစီးမှုနှင့် စီးပွားရေးတိုးတက်လာမှု၊ လူဦးရေများပြားခြင်းသည် ပတ်ဝန်းကျင်ပြဿနာများ ဖြေရှင်းရေးအတွက် အတားအဆီးဖြစ်နေခြင်း။

ဂ။ ပတ်ဝန်းကျင်ညစ်ညမ်းမှု၏ ကျန်းမာရေးအပေါ် သက်ရောက်မှု မည်သို့ဖြေရှင်းမည့်နည်းလမ်းကို ရှာဖွေခြင်း။

ဃ။ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအပေါ် လူဦးရေတိုးတက် ပြောင်းလဲမှုက မည်သို့အကျိုးသက်ရောက်မှု ရှိသည်ကို ရှာဖွေခြင်း။

င။ အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးနိမ့်ကျသော နေရာများတွင် အသက်အရွယ်ကြီးရင့်သူများ ရှိနေရာ ထိုသူတို့အတွက် လိုအပ်သည်တို့ကို လုပ်ဆောင်ပေးခြင်း။

စ။ အမျိုးသမီးတို့၏အခန်းကဏ္ဍနှင့် ကောင်းကျိုးအတွက် ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေးနှင့် လူဦးရေ တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်ခြင်းက မည်သို့အကျိုးသက်ရောက်မှု ရှိသည်ကို ရှာဖွေခြင်း။

ဆ။ စီးပွားရေး၊ လူမှုရေး လူဦးရေပြောင်းလဲခြင်းသည် လူငယ်လူရွယ်တို့အား ဆေးစွဲခြင်း၊ HIV/ AIDSဖြစ်နိုင်ခြေရှိခြင်း အပေါ် မည်သို့သက်ရောက်မှု ရှိသည်ကို ရှာဖွေခြင်း။

ဇ။ ဒေသတစ်ခုတွင် HIV/AIDS ဖြစ်ပေါ်ရန် မည်သည့်အချက်များက တွန်းအားပေးသည်။ ထိုအတွက် မည်သို့သော ကာကွယ်ရေးနှင့် စောင့်ရှောက်ရေး လိုအပ်သည်တို့ကို ရှာဖွေခြင်း စသည်တို့ဖြစ်ပါသည်။

UNFPA Executive Director ဖြစ်သူ Thoraya Abmed Obaid၏ ပြောကြားချက်မှာ "အမျိုးသားများနှင့် အမျိုးသမီးများသည် အပြန်အလှန်လေးစားမှု၊ သစ္စာရှိမှုနှင့် ယုံကြည်မှုများဖြင့် တည်ဆောက်ထားကြပါသည်။ ဤတွင် အမျိုးသားတို့သည် အမျိုးသမီးတိုင်းအတွက်၊ အခြားအမျိုးသားတိုင်းနှင့် ကလေးသူငယ်တိုင်းအတွက် ကျန်းမာပျော်ရွှင်မှုနှင့် သာတူညီမျှအခွင့်အရေးများ ပိုမိုရရှိစေသော ပူးပေါင်းမှုမျိုး ဖြစ်ပေါ်စေရပါမည်"ဟူ၏။

We see men and women as partners in a relationship build on mutual respect, trust and commitment. Partnering with men promotes the right of every woman, man and child to enjoy a life of health and equal opportunity.

လူငယ်ဘောလုံးတိုးတက်ရေး ကချင်ပြည်နယ်၌ အားကစားပစ္စည်းများထောက်ပံ့ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၉

လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကချင်ပြည်နယ်သို့ ဘောလုံးအားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကချင်ပြည်နယ်တွင် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည့် ဘောလုံးအသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်နယ်အတွင်း အားကစားကဏ္ဍ တိုးတက်မြင့်မားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

အကျယ်တဝင့်ရှင်းလင်း

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မှုများ၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေးစီမံချက်နှင့် အောင်နိုင်ရေး စီမံချက်(၃)ရပ် ချမှတ်ဆောင်ရွက်နေမှုများ၊ ဘောလုံးအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ရေးဆွဲချမှတ်ကာ ပြည်နယ်၊တိုင်း အသီးသီးတွင် အသက် ၁၃ နှစ်အောက်၊ အသက် ၁၅ နှစ်အောက်နှင့် အသက် ၁၇ နှစ်အောက် လူငယ်ဘောလုံးအသင်းများကို ရွေးချယ်စုစည်း လေ့ကျင့်နေမှုများနှင့် ၂၀၀၇ခုနှစ်မှ ယနေ့အထိ ငွေကျပ် ၁၀၇၃ သိန်းကျော် တန်ဖိုးရှိ ဘောလုံးအားကစားပစ္စည်းများနှင့် နည်းပြလစာငွေကျပ် ၃၂၄သိန်းကျော် စုစုပေါင်းငွေကျပ် ၁၃၉၇သိန်း ကျော်ဖိုး ထောက်ပံ့ပေးခဲ့မှုများ၊ ၎င်းအစီအစဉ်အရ အလားအလာရှိသော လူငယ်သွေးသစ် ဘောလုံးသမားများ မွေးထုတ်၍ အာဆီယံ သက်တမ်းအလိုက် လူငယ်ဘောလုံး ပြိုင်ပွဲများနှင့် (၃၈)ကြိမ်မြောက် မာဒေးကားဘောလုံးပြိုင်ပွဲတို့တွင် နိုင်ငံတော်အတွက် ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့မှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၀၆ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပသည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း ဗွီစီဒီခွေကို ပြသသည်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂ လမ်း ရတနာမဉ္ဇူ ဓမ္မရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက ကျောင်းတော်ကြီးအတွက် တောင်ဥက္ကလာ (၆)ရပ်ကွက် အင်းဝလမ်း၂၀ နေ ဦးမျိုးကြည်ရှိန်–ဒေါ်အုန်းသန်း၊ သား မောင်ဟန်မျိုးထွန်းမိသားစုက အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)က ဂုဏ်ပြုလွှာပေးအပ်စဉ်။(က–ပ)

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီးက ၂၀၀၇ခုနှစ် ဒုတိယခြောက်လအတွက် ငွေကျပ် ခြောက်သိန်းကျော်တန်ဖိုးရှိ ဘောလုံးအားကစားပစ္စည်းများကို လူငယ် ဘောလုံး အသင်း သုံးသင်းသို့ လည်းကောင်း၊ နည်းပြထောက်ပံ့ငွေကျပ် ၁၈၆၀၀၀ ကိုနည်းပြ ကိုယ်စားလှယ်တစ်ဦးသို့ လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ အားကစား ပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမနှင့် အားကစားကွင်းကို လည်းကောင်း၊ ကချင်ပြည်နယ် အားကစားခန်းမ၊ ပြည်နယ် အားကစားကွင်း၊ငြိမ်းချမ်းသာယာ အားကစားကွင်းနှင့် ငြိမ်းချမ်းသာယာ အားကစားခန်းမတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၉

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၇ ရက်က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ပညာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ပြည်နယ်၊ တိုင်းပညာရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်၊ တိုင်း ပညာရေးမှူးများက မိမိတို့ဒေသအလိုက် လုပ်ငန်း လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ကျောင်းအဆင့် တိုးတက်လာစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက် မှာကြားသည်။

ရှေ့လုပ်ငန်းစဉ်

ဆက်လက်၍ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက လုပ်ငန်းလျာထားချက် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်က ဆက်လက် ကျင်းပရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများက မိမိတို့ဌာနများအလိုက် လုပ်ငန်းလျာထားချက် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ဆောင်ရွက်ချက်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အခြေခံပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အလံတပိုရွာနေ ဒေါ်သန်းရီ မိသားစုက သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ် လှူဒါန်းစဉ်။ (က–ပ)

ကျောက်မဲခရိုင် ပြန်/ဆက် စာဖတ်ဝိုင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်ဝိုင်းကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက နောင်ပိန်ကျေးရွာအုပ်စု ကြည်နူးရိပ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုက စာကြည့်တိုက် ခိုင်မာအောင် ဆောင်ရွက်ရမည့် အချက်များကို လည်းကောင်း၊ စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူး ဒေါ်နှင်းရည်က ချစ်နိုင် (စိတ်ပညာ)၏ ရည်မှန်းချက် ရှိရမယ် စာအုပ်မှ ပြည်သူ့ စာကြည့်တိုက် အကြောင်းကိုလည်းကောင်း၊ ရုပ်/သံကျွမ်းကျင်– ၃ ဦး ကျော်မြင့်က ဒို့ကျေးရွာ ဂျာနယ် အတွဲ ၄၊ အမှတ် ၅၊ ရွှေကိုဦးသန်းထွန်း၏ အလင်းခေတ် ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားပြီး စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

တောင်သုံးလုံး ဇေတဝန်ပရိယတ္တိစာသင်တိုက် ဆွမ်းပွဲ ၅၀၀၀ ကပ်လှူပူဇော်ပွဲကျင်းပမည်

လယ်ဝေးမြို့နယ် သာဝတ္ထိ–ရသေ့တောင်ရပ် တောင်သုံးလုံး ဇေတဝန် ပရိယတ္တိ စာသင်တိုက်တွင် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ရက်)တနင်္ဂနွေနေ့တွင် အရဟံဆွမ်းပွဲ ၅၀၀၀ ကပ်လှူ ပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုသူ ပါရမီရှင်များသည် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ မဟာထေရ် ခေတ္တသီတင်းသုံးတော်မူရာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီပိဋကတ်တိုက် ဖုန်း–၀၁–၇၀၉၄၁၇၊ ၀၉–၅၁–၆၁၈၁၉၊ ၀၉–၅၁–၁၃၆၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဟိုမိန်း၌ စီမံကိန်းတာဝန်များပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်များ၊ ကျေးရွာအုပ်စုနှင့်ကျေးရွာများသို့ စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ အုပ်ချုပ်ရေးမှူးက ၂၀၀၇–၂၀၀၈ခုနှစ်တွင် စီးပွားရေးကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စီမံကိန်းတာဝန်များ ပေးအပ်ခြင်း ဖြစ်ကြောင်း ဆွေးနွေးတင်ပြပြီး ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် စီမံကိန်းတာဝန်များအား သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို ဇူလိုင် ၃ ရက် ည ၇ နာရီက မြဝတီမြို့ သောင်ရင်းခန်းမတွင်ကျင်းပရာ ပထမဆုကို ဒုတိယဗိုလ်မှူးကြီးခင်မောင်ဌေး၏ဇနီး ဒေါ်ဥမ္မာကြည်က လည်းကောင်း၊ ဒုတိယဆုကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်က လည်းကောင်း၊ တတိယဆုကို ခရိုင်အမျိုးသမီးရေးရာစည်းရုံးရေးမှူး ဒေါ်ရီရီမြင့်က လည်းကောင်း၊ နှစ်သိမ့်ဆုများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သင်းသင်းမြတ်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် အမျိုးသမီးရေးရာ)**

ပညာဒါန သင်ကြားပေး

ဘိုကလေးမြို့နယ် မြင်းကကုန်း အဆင့်မြင့်စံပြကျေးရွာ မင်္ဂလာရာမ ကံဦးကျောင်းတိုက် ချမ်းမြေ့ပျိုးခင်း ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ၏ ဦးဆောင်မှုဖြင့် စေတနာရှင် ဆရာ ဆရာမ များက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အခမဲ့ ပညာဒါနသင်ကြားပြသပေးခဲ့ရာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၅၀ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။**(ဝ၂ဝ)**

ကသာခရိုင် ပြန်/ဆက်ဦးစီး စာဖတ်ပွဲ

ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ပွဲအခမ်းအနားကို ဇွန် ၁၀ရက်က ကသာမြို့နယ် မိဿလင်းကျေးရွာ အုပ်စု နလယ်အင်းကျေးရွာ အမကကျောင်း၌ကျင်းပရာ ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက စာဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာဖတ်ပွဲကျင်းပရာ ကသာခရိုင် ဒုတိယဦးစီးမှူး ဦးတင့်ဆွေက ချစ်နိုင်(စိတ်ပညာ)၏ ရာထူးတိုးတက်ရေး ဆောင်းပါးကို လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးခင်မောင်သိန်းလွင်က မေ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည့် ချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှ ဆောင်းပါးကိုလည်းကောင်း၊ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်လှလှရီက မေ ၁ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည့် မြဖူး (ပြန်/ဆက်)၏ စာဖတ်ခြင်းအလေ့အထ တိုးပွားမြင့်တင်ကြပါစို့ ဆောင်းပါးကို လည်းကောင်း ဖတ်ကြားကြပြီး ခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက သုံးသပ်ဆွေးနွေးကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီး တွဲဖက်အလက ကျောင်းဝတ်စုံလှူဒါန်း

နွားထိုးကြီးမြို့နယ် ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူ ၁၄၅ ဦး အတွက် ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၄ ရက်က နွားထိုးကြီးမြို့နယ် တွဲဖက် အလယ်တန်းကျောင်း၌ကျင်းပရာ ပဲခူးတိုင်း ကညွတ်ကွင်းမြို့နေ မိခင်ကြီး ဒေါ်ဌေးရီအား အမှူးထား၍ ဒေါ်ကြည်ဝင်း မိသားစုက ကျောင်းဝတ်စုံ ၁၄၅ စုံကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ် လှူဒါန်းကြောင်းသိရသည်။ (၂၂၇)

နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း စံချိန်မီအောင်ဆောင်ရွက် ကုန်ပို့သူများအရည်အသွေးမြင့်မားလာစေရေး ပြုစုပျိုးထောင်ပေး

ရန်ကုန် ဇူလိုင် ၉

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပို့ကုန်မြှင့်တင်ရေးသည်လည်း အရေးကြီးသော ကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ပို့ကုန်တိုးမြှင့်အောင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကိုလည်း တိုးတက်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လေကြောင်းပို့ကုန် တိုးတက်နေသော အိမ်နီးချင်းနိုင်ငံများ မည်ကဲ့သို့လုပ်ဆောင်နေသည်ကို လေ့လာရန်လိုကြောင်း၊ နိုင်ငံတကာမှ ဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများအတိုင်း စံချိန်စံညွှန်းများပြည့်မီအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအနေအထားကို ပြန်လည်သုံးသပ်ကြည့်လျှင် ပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးသည့်အပိုင်း၊ လေဆိပ်တွင် စစ်ဆေးသည့်အပိုင်း၊ လေယာဉ်ပေါ်သို့ တင်သည့် အပိုင်းတို့တွင် အားနည်းချက်များ ဖြစ်ပေါ်နေကြောင်း၊ နိုင်ငံတော်ဝန်ထမ်းများအနေဖြင့် ဌာနဆိုင်ရာအလိုက် ပူးပေါင်းဆောင်ရွက်ပြီး ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဌာနဆိုင်ရာအပိုင်းမှ ကုန်ပို့သူများ အဆင်ပြေချောမွေ့စွာ ပို့နိုင်ရေးက သတ်မှတ်စည်းကမ်း နည်းလမ်းဘောင်အတွင်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း၊ မလိုလားအပ်သော ကန့်သတ်ချုပ်တည်းမှုများအား တတ်နိုင်သမျှ ဖြေလျှော့ပေးသွားရမှာဖြစ်ကြောင်း၊ ကုန်ပို့သူများအနေဖြင့် နိုင်ငံတော်၏ သတ်မှတ်စည်းကမ်း နည်းလမ်းဘောင်အတွင်းမှ ဆောင်ရွက်တတ်အောင်နှင့် အရည်အသွေးမြင့်မားလာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး မြန်မာနိုင်ငံ လေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌဖြစ်သူ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက လေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ မိမိတို့ဆောင်ရွက်နေသည့် လေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 အစီအစဉ်

၁၀–၇–၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အမေအိုရဲ့ဓမ္မအောင်လံတရားတော် (အပိုင်း–၁) (မဇ္ဈိမဂုဏ်ရည် ဆရာတော် အရှင်ကောဝိဒ)
၈:၀၀	ဂုဏ်ရည်မြင့်မား မြန်မာအမျိုးသမီးများ
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Sunday Talk
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	တစ်သက်စာ [ထွန်းထွန်း (Examplez)၊သဇင်] (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	ဂုံညင်းတန်းတံတား
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	သိစေချင်သည် ICT "Web Programming" အကြောင်းသိကောင်းစရာ
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၀:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာ (စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်)ဆွေးနွေးခန်း (ဒေါက်တာကြည်ပြာမိုး၊ ဒေါက်တာနှင်းနွယ်အေး၊ ဒေါက်တာမိုးမိုးသွယ်)
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	အစွမ်းထက်မြက် မြန်မာ့ရိုးရာ ဆေးကောင်းတစ်လက်
၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀	Music Gallery (ခင်မျိုးအေး၏ တေးအလှများ)
၁၂:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၀	သွေးပြန်ကြောအားနည်းရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း–၂) (ပါမောက္ခ ဒေါက်တာခင်မောင်အေး)
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ပန္နက်တင်

နေပြည်တော် ဇူလိုင် ၉

မန္တလေးတိုင်း တပ်ကုန်းမြို့နယ်၌ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် ငါးယူနစ် မီးသတ်စခန်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်မှု ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၆ရက်က တပ်ကုန်းမြို့နယ် မီးသတ်စခန်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် အရာရှိကြီးများ၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်သိန်း၊ တပ်ကုန်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် "ကောင်း" အင်ဂျင်နီယားရင်းကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာမှူး ဦးတင်ဇော်မှူးတို့ တက်ရောက်ကြသည်။

ပန္နတင်ပေး

ရှေးဦးစွာ ဝန်ကြီး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် မီးသတ်စခန်း ဆောက်လုပ်မည့်မြေနေရာ၌ မင်္ဂလာပန္နက်တင်ပေးကြပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား ရှင်းလင်းဆောင်၌ "ကောင်း"အင်ဂျင်နီယားရင်းကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာမှူး ဦးတင်ဇော်မှူးက ငါးယူနစ် မီးသတ်စခန်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေး/ ရေဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့် ပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၉

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကြီးမှူးကျင်းပသော သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့်ပြပွဲ၊ ပြိုင်ပွဲဆုပေးပွဲနှင့် ပညာပေးဟောပြောပွဲကို ဇူလိုင် ၇ ရက် နံနက် ၉နာရီခွဲက မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အားပေး

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် သိုး၊ ဆိတ်များကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အရ သိုး၊ ဆိတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဝန်ကြီးနှင့်ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များက ဆုများချီးမြှင့်ကာ ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ရထားခရီးစဉ်အချို့ ခေတ္တရပ်နားခဲ့ရသော်လည်း မြစ်ရေ ပြန်လည် ကျဆင်းသွားသဖြင့် ပုံမှန်ခုတ်မောင်းလျက်ရှိ

ရန်ကုန် ဇူလိုင် ၉

ပဲခူးမြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၇ရက်က ရန်ကုန်–မန္တလေး၊ ပဲခူး–မော်လမြိုင်၊ ရန်ကုန်–မော်လမြိုင်၊ ရန်ကုန်–နေပြည်တော်၊ ရန်ကုန်–ထားဝယ် ရထားခရီးစဉ်အချို့ကို ခေတ္တရပ်နားခဲ့ပြီး ဇူလိုင် ၈ရက်တွင် မြစ်ရေပြန်လည်ကျဆင်းသွားသဖြင့် နံနက် ၆ နာရီမှစတင်၍ ရထားများ ပုံမှန်ပြေးဆွဲခုတ်မောင်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၄) ကျိုက္ကလို့ တိုးချဲ့ဆိုင်ဖွင့် တစ်ကြိမ်လျှင် မော်တော်ယာဉ်ရှစ်စီး တစ်ပြိုင်တည်း ဓာတ်ငွေ့ဖြည့်တင်းနိုင်

ရန်ကုန် ဇူလိုင် ၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၀၀၄)ကျိုက္ကလို့(တိုးချဲ့) ဆိုင်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရန်ကုန်–ပြည်လမ်းမကြီးပေါ်ရှိ အဆိုပါဆိုင်ရှေ့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အရောင်းဆိုင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်စစ်ဆေးကြည့်ရှုပြီး သဘာဝဓာတ်ငွေ့ဖြည့်တင်းလျက်ရှိသော မော်တော်ယာဉ်ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းတို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၀၀၄)တွင် မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ ဖြည့်တင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်မြို့ နယ်နိမိတ်အတွင်း CNG ဆိုင်အသစ်များဖွင့်လှစ်ပေးလျက်ရှိရာ ယခုဆိုင်အပါအဝင် စုစုပေါင်း၂၉ ဆိုင်ရှိပြီဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သော ကျိုက္ကလို့(တိုးချဲ့) ဆိုင်သည် မူလက တစ်ကြိမ်လျှင် မော်တော်ယာဉ်လေးစီး ဓာတ်ငွေ့ဖြည့်တင်းရာမှ ယခုအခါ တစ်ကြိမ်လျှင် မော်တော်ယာဉ် ရှစ်စီး တစ်ပြိုင်တည်း ဓာတ်ငွေ့ဖြည့်တင်းနိုင်ရာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအနေဖြင့် ပိုမိုလျင်မြန်လွယ်ကူအဆင်ပြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းပို့လှူ ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ အဏ္ဏဝါမိသားစုများ၏ (၄၁)ကြိမ်မြောက် နယ်စပ်ဒေသနှင့် ပြည်နယ်၊ တိုင်းအသီးသီးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ၄၀၀ ကျော်ရှိ တောင်တန်းသာသနာပြု ရဟန်းတော်များထံ ဝါဆိုသင်္ကန်း ပို့လှူဆက်ကပ်ပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက် အဏ္ဏဝါမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်သင်္ကန်းလှူပွဲကျွတ်အစည်းအဝေးနှင့် အမှုဆောင်သက်တမ်းသစ်အတွက် ရွေးချယ်တင်မြှောက်မည်ဖြစ်ရာ အသင်းသူ အသင်းသား အဏ္ဏဝါမိသားစုများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင် (ဥက္ကဋ္ဌ) ဖုန်း–၀၁–၃၈၁၄၆၂၊ ၀၉–၈၀–၂၄၃၇၂၊ ဦးခင်မောင်သန်း (ရေးစ်သဘော်ကုမ္ပဏီ) (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၁–၇၁၀၄၁၂၊ ၀၉–၅၁–၆၆၆၅၇နှင့် ဦးခင်ရွှေ(အတွင်းရေးမှူး) ဖုန်း–၀၁–၅၆၂၀၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇူလိုင် ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယအလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု လားရှိုးမြို့၌ ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီသည် ဇွန် ၂၅ ရက် နံနက် ၉ နာရီက လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စက်ခလုတ်နှိပ်ဖွင့်

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်နှင့် လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (အမျိုးသမီးရေးရာ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီ မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သဲအင်းဂူ အဓိဋ္ဌာန် ငါးရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၉

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာ ပဋ္ဌာန်းကျောင်းတိုက်တွင် အဓိဋ္ဌာန် ငါးရက်တရားစခန်းကို ဇူလိုင် ၁၅ ရက်မှ ၁၉ ရက် (ဒုတိယဝါဆိုလဆန်း ၁ ရက်မှ ၅ ရက်)အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပ)ဆရာတော်များက ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများသည် ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ အလှူရှင်များ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၇၀၉၈၉၁သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၅၂)

ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံများစွာ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများပြား မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင် ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရ ရောဂါမဖြစ်ရေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

ကျန်းမာရေးဝန်ကြီးဌာန သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ) **အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အရှိန်အဟုန်မြှင့်ဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မှစ၍ ကပ်အသွင် စတင်ဖြစ်ပွားခဲ့ကြောင်း၊ ထိုအချိန်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းကာ ရက်သတ္တ နှစ်ပတ်လျှင်တစ်ကြိမ်ကျ ရပ်ကွက်များအတွင်း ကွင်းဆင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီမှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့်အတူ မြို့နယ်ခြောက်မြို့နယ်သို့ ကွင်းဆင်းကာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် အပတ်စဉ် စနေနေ့တိုင်း၌လည်း မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအပြင် ရာသီအလိုက်ဖြစ်ပွားသည့် အခြားကူးစက်ရောဂါတစ်ခုဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်းနှင့် ရေကောင်းရေသန့်ရရှိသုံးစွဲစေခြင်းစသည့် လုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့်အတူ ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် ယခုဆိုလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါများလည်း ယခင်ကထက် ဖြစ်ပွားမှုကျဆင်းနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် **ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲလာမှုများကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသေဆုံးမှုများပြားလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင် ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရှိရကြောင်း၊** ကျန်းမာရေးဌာနမှ သွေးလွန်တုပ်ကွေးနှင့်ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးမှုများကြောင့် **ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာများရရှိလာသည့်အတွက် မိဘများမှ ကလေးငယ်များ ဖျားလျှင် ကြိုတင်သတိရှိရှိဖြင့် ဆေးရုံများသို့ စောစီးစွာ လာရောက်ပြသ ကုသမှုခံယူမှုကြောင့် ဆေးရုံတက်ရောက်သည့် ကလေးလူနာများ များပြားနေခြင်းဖြစ်ကြောင်း၊ ဆေးရုံများသို့ တက်ရောက်ကုသမှုခံယူသည့် ကလေးလူနာများ၏ တစ်ဝက်ခန့်သာလျှင် သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်သူများဖြစ်ပြီး၊ ကျန်တစ်ဝက်ခန့်မှာ အဆုတ်အအေးမိရောဂါနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သည့် အခြားရောဂါများကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အခြားနီးနွယ်သော ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်နေခြင်းကြောင့်လည်း အိမ်နီးချင်းများထက် လျော့နည်းနေရခြင်းဖြစ်ကြောင်း၊** သွေးလွန်တုပ်ကွေးရောဂါ ကပ်အသွင် မဖြစ်ပွားစေရေးအတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးလှအေးက ရှင်းလင်းဆွေးနွေးတင်ပြသည်။ ဆက်လက်ပြီး တာဝန်ရှိသူ အသီးသီးက ဆွေးနွေးတင်ပြကြသည်။

လုံလောက်စွာပံ့ပိုးထား

ယင်းနောက် တက်ရောက်လာကြသူများ အကြံပြုဆွေးနွေးတင်ပြကြပြီး ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူသည့် **ကလေးလူနာများအနေဖြင့် မိုးများစွာ ရွာခဲ့သည့် ၂၀၀၇ ခုနှစ် ဇွန်လအတွင်း လူနာဦးရေများပြားလာသော်လည်း လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာ ရှိနေကြောင်း၊ အချို့လူနာများသည် သွေးရရှိမှုအတွက် မိမိ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရသော်လည်း ၂၀၀၇ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှစ၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက နေ့စဉ် သွေးအလှူရှင် ၂၀ စီ လာရောက်လှူဒါန်းနေသဖြင့် လူနာများအတွက် သွေးလုံလောက်မှုရှိနေသည်ကို တွေ့ရှိရကြောင်း၊** ဆေးရုံကြီးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း လုံလောက်စွာ ပံ့ပိုးထားပြီးဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားနီးနွယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူများကပါ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှုများ ပိုမိုလျော့ကျစေမည်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ သွားရောက်၍ သွေးလှူဘဏ်၌ သွေးလှူဒါန်းနေကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံကာ အားပေးစကား ပြောကြားသည်။ ယင်းနောက် လူနာဆောင်အတွင်း လှည့်လည်ကြည့်ရှုပြီး ကလေးဆေးရုံကြီးဝင်းအတွင်း တိုးချဲ့လူနာဆောင် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားကာ ဆေးရုံကြီး ပြင်ပလူနာဌာနရှိ သွေးရောဂါ၊ ကင်ဆာရောဂါနှင့်ကျောက်ကပ်ရောဂါ အထူးကု ပြင်ပလူနာဌာနများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၉

မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့၏ (၂၉)ကြိမ်မြောက် သင်္ကန်းလှူပွဲကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက် (ဇူလိုင် ၂၂ ရက်၊ တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မဟာစည်သာသနာ့ရိပ်သာ (ရန်ကုန်)၏ မဟာကုသလကာရီ ဓမ္မသာလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူများနှင့် ယောဂီများ မပျက်မကွက်တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဆင့်မြှင့်တင် ရေးဆွဲထားသော ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်တွင် သင်ကြားပို့ချမည့် အခြေခံပညာအထက်တန်းအဆင့် သင်ရိုးမာတိကာ ဘာသာရပ်ဆိုင်ရာ စာအုပ်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **နိုင်ငံနှင့် လူမျိုးတိုးတက်ကြီးပွားရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးပါသည့်အားလျော်စွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရေးကဏ္ဍအပေါ် များစွာအလေးအနက်ထားပြီး ပညာရေးဆိုင်ရာ လမ်းညွှန်မှုဝါဒများကို အခါမလပ် ချမှတ်လမ်းညွှန်ပေးလျက်ရှိကြောင်း။**

ချမှတ်ဖော်ဆောင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံပညာရေးကော်မတီအနေဖြင့်လည်း ပညာရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များတွင် ဆရာဆရာမများ အရည်အသွေးပြည့်ဝရေးကို ပထမအချက်အနေဖြင့် အဓိကထည့်သွင်း လမ်းညွှန်ထားကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေးသည် ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း။

လမ်းညွှန်ထား

ဒုတိယလမ်းညွှန်ချက်အနေဖြင့် သင်ရိုးညွှန်းတမ်းများ အဆင့်အတန်းမီရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၏ သင်ရိုးညွှန်းတမ်းအဆင့်တွင်ရှိစေရန် လမ်းညွှန်ထားကြောင်း။

ထို့အပြင် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံရှိစေရန်နှင့် ထိရောက်စွာ အသုံးပြု သင်ကြားပေးနိုင်စေရန် မှာကြားထားကြောင်း။

အခြေခံပညာကျောင်းများ ဥပဓိရုပ်နှင့် ပြည့်စုံရေးသည်လည်း ကျောင်းသူကျောင်းသားများ၏ စိတ်ဓာတ်ရေးရာ ကောင်းမွန်မြင့်မားရေး၊ ပညာကို လိုလားမြတ်နိုး တက်ကြွစွာသင်ယူရေးတို့တွင်လည်း အရေးပါသည်နှင့်အညီ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်ထားခဲ့ကြောင်း။

လေ့ကျင့်ပေး

ပဓာနကျသော လမ်းညွှန်မှုတစ်ရပ်မှာ ကျောင်းသူ ကျောင်းသားများသည် စည်းကမ်းကိုလေးစားလိုက်နာတတ်ရန်၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့်တကွ နိုင်ငံ့စည်းကမ်းဖြစ်သော တရားဥပဒေကို လေးစားယုံကြည် လိုက်နာတတ်သော အလေ့အကျင့်ကောင်းကို စာသင်ကျောင်းများမှ စတင်၍ လေ့ကျင့်ပေးရန်ပင်ဖြစ်ကြောင်း။

ထို့အပြင် ကျောင်းသူကျောင်းသားလူငယ်များကို စာပေပညာသင်ကြားပေးရုံမျှမက တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုကြီးကိုလေးစားမြတ်နိုးမှုအပေါ် အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ကျောင်းသူကျောင်းသားလူငယ်များ၏ နှလုံးအိမ်တွင် အမြစ်တွယ်ရှင်သန်နိုင်မာသွားစေရအောင် ငယ်စဉ်ကပင်လေ့ကျင့် သင်ကြားပေးကြရန် လမ်းညွှန်ထားခဲ့ကြောင်း။

အဆိုပါ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်မှုများကို ပညာရေးမူဝါဒများအဖြစ် ခံယူပြီး ယင်းပညာရေးမူဝါဒများနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပညာရေးအဆင့်အတန်းသည် နိုင်ငံနှင့် လူမျိုး၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ညွှန်းပြဆိုလျက်ရှိကြောင်း၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ၏စွမ်းအားဖြင့်သာ နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း။

အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးနှင့် အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့တွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပေးနိုင်မှုသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များတွင် ပညာရည်မြင့်မားရေးကို တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဖြစ်ထွန်းနေ

ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်ရေး၊ ပြည်ထောင်စုကြီး၏ နယ်စပ်အစိတ်အပိုင်းဒေသများအကြား ဆူကြုံနိမ့်မြင့်ဖွံ့ဖြိုးမှုကွာဟချက် နည်းပါးပပျောက်သွားစေရေး ရည်မှန်းချက်များ အောင်မြင်စေဖို့ရာတွင် နိုင်ငံတော်၏ ဒေသအသီးသီး၌ အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများသည် ညီညီမျှမျှ ဖြစ်ထွန်းနေစေရန်လိုကြောင်း။

ယင်းရည်မှန်းချက်နှင့်အညီ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခုတွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ကို ထည့်သွင်းတည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခင်အခါက နိုင်ငံအတွင်း တက္ကသိုလ်နှင့် ကောလိပ် ၃၂ခုသာရှိခဲ့သည့် အခြေအနေမှ ယခုတက္ကသိုလ်နှင့် ကောလိပ် ၁၅၆ခုရှိလာခဲ့ပြီး ကျောင်းသူကျောင်းသားရစ်သိန်းနီးပါး အဆင့်မြင့်ပညာဆည်းပူး သင်ယူနိုင်လျက်ရှိပြီဖြစ်ကြောင်း။

သင်ကြားပေး

အခြေခံပညာကဏ္ဍတွင်လည်း ကျေးလက်နှင့်မြို့ပြ ပညာရည်အဆင့်အတန်း ညီညီမျှမျှဖြစ်ထွန်းလာစေရေးအတွက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် အဆင့်မြင့်ဘွဲ့၊ ဒီဂရီရရှိသည့် ဆရာ ဆရာမများဖြင့် သင်ကြားပေးနိုင်ရေး၊ သင်ကြားသည့် ဘာသာရပ်နှင့် ကိုက်ညီသည့် ဘွဲ့၊ ဒီဂရီရရှိသည့် ဆရာ ဆရာမများဖြင့် သင်ကြားပေးနိုင်ရေး၊ ပါရဂူဘွဲ့ရများအား ကျောင်းအုပ်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရေး အစီအမံများကို စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယင်းသို့ရရှိဖြစ်ထွန်းနေသည့် ပညာရေးဆိုင်ရာအခြေခံကောင်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာလမ်းညွှန်ချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းရေး၊ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးတို့အတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ပေါင်းစည်းချိတ်ဆက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပဏာမပြောကြားသည်။

အတည်ပြုချက်ရယူ

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၂/၂၀၀၆)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းကိုတင်ပြ၍ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ကော်မတီဝင်များက ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်အသီးသီးတွင် ပညာရေးအဆင့်အတန်းမြင့်မားရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက နိုင်ငံတကာအဆင့်မီပြုစုထားသည့် သင်ရိုးညွှန်းတမ်းများဖြင့် အခြေခံပညာ အထက်တန်းအဆင့်တွင် ၂၀၀၈-၂၀၀၉ခု ပညာသင်နှစ်မှ စတင် သင်ကြားသွားမည့် အခြေအနေ၊ ဘာသာရပ်ပညာအရည်အချင်း မြင့်မားသူများဖြင့် လေ့ကျင့်သင်ကြားနိုင်ရေးအတွက် ပညာရေး၊ နည်းပညာ အထူးသင်တန်း ဖွင့်လှစ်နေရာချထားမှုအခြေအနေ၊ အခြေခံပညာအလယ်တန်းပြဆရာများနှင့် မူလတန်းသင်တန်းဆရာများအတွက် သင်ကြားရေး မွမ်းမံသင်တန်းများဖွင့်လှစ်လေ့ကျင့်နိုင်မှုအခြေအနေ၊ အခြေခံပညာ အထက်တန်းအဆင့်ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာပြဆရာများ မွမ်းမံသင်တန်း ဖွင့်လှစ်လေ့ကျင့်နိုင်မှုအခြေအနေများနှင့် ပညာရေးအဆင့်အတန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဆင့်မြှင့်တင် ရေးဆွဲထားသော ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်တွင် သင်ကြားပို့ချမည့် အခြေခံပညာအထက်တန်းအဆင့် သင်ရိုးမာတိကာ ဘာသာရပ်ဆိုင်ရာ စာအုပ်နမူနာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ရှင်းလင်း တင်ပြ

ပညာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ

ကျောက်စိမ်းအတွဲပေါင်း ၂၂၈တွဲ တင်ဒါစနစ်ဖြင့်ရောင်းချရ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၄၀၁၉ဦး ရောက်ရှိဝယ်ယူ

ရန်ကုန် ဇူလိုင် ၉

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီ နာယက မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ကျင်းပလျက်ရှိသော ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများတင်ဒါစနစ်ဖြင့်ရောင်းချနေမှုကိုလည်းကောင်း၊ ဝင်းအတွင်းခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ရောင်းချမည်

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချပွဲ စတုတ္ထနေ့အဖြစ် ယနေ့ နံနက် ၈ နာရီတွင် မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ ဆက်လက်ရောင်းချရာ ညနေ ၄ နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၆၅၁ တွဲ ရောင်းချရသည်။ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဇူလိုင် ၆ရက်မှ ယနေ့ညနေပိုင်းအထိ လေးရက်ပေါင်းရောင်းချရသော ကျောက်စိမ်းအတွဲပေါင်းမှာ ၂၂၈၁တွဲဖြစ်သည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဇူလိုင်၁၀ရက်တွင်မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ဆက်လက်ရောက်ရှိမည်

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၂နိုင်ငံ၊ ကုမ္ပဏီ ၂၆၇ ခုမှ ရတနာကုန်သည်၂၃၈၆ဦးနှင့် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီ ၅၂၂ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၆၃၃ ဦး စုစုပေါင်း ရတနာကုန်သည် ၄၀၁၉ ဦး ရောက်ရှိနေပြီး ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိကြသည်။ ပြည်ပမှ ရတနာကုန်သည်များသည် ဆက်လက်၍ ရောက်ရှိကြဦးမည်ဖြစ်သည်။ **(သတင်းစဉ်)**

NLD သည် ပြည်ပနိုင်ငံကြီးများကို အားကိုး အာဏာရရှိရေးကို ရှေ့တန်းတင်လုပ်ဆောင်နေ လှိုင်သာယာမြို့နယ်မှ ပါတီဝင် ၁၈ဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ဦးခင်စိုး၊ ဒေါ်သောင်းဝင်း၊ ဦးသက်နောင်၊ ဒေါ်ခင်စောမာ၊ ဦးဇော်ထွေးအောင်၊ ဦးသန်းထွန်း၊ ဒေါ်စန်းဝင်း၊ ဒေါ်ခင်စန်း၊ ဦးစိုးငြိမ်းနှင့် ဦးဝင်းနိုင်တို့အပါအဝင် ပါတီဝင် ၁၈ဦးတို့သည် ဇူလိုင်၂ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် လူထုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ပြည်ပနိုင်ငံကြီးများကို အားကိုး၍ အာဏာရရှိရေးတစ်ခုတည်းကို ရှေ့တန်းတင်လုပ်ဆောင်နေကြောင်း၊ ပြည်ပနိုင်ငံများအားကိုးဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကိုပြိုကွဲစေရန် ရှေးရှုလုပ်ဆောင်နေကြောင်း၊ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်စွဲကိုးကွယ်မှု လုပ်ရပ်များကိုသာ လုပ်ကိုင်ဆောင်ရွက်နေမှုကြောင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

တက်ရောက်

အဆိုပါ ရှင်းလင်းပွဲသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် စက်မှုဇုန်တာဝန်ခံများ ဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစက်မှုကုန်၌ ခြစ်ညီးရိုး ကြက်ဆူပင်များကို အလွယ်တကူ စိုက်ပျိုးပြီး ရရှိလာသော ကြက်ဆူဆီများဖြင့် ဘိုင်အိုဒီဇယ်သုံး မီးဖိုများနှင့် အသုံးပြုခြင်းဖြင့် ထင်းနှင့် လောင်စာဆီများဖြစ်သည့် ရေနံဆီ၊ ဒီဇယ်ဆီများ ချွေတာနိုင်မည်ဖြစ်ကြောင်း။

အစားထိုးလဲလှယ်

ထို့အပြင် ထင်းသုံးခြင်း၊ တောပြုန်းခြင်း၊ ရာသီဥတုပျက်ပြားခြင်းကို ကာကွယ်နိုင်ရေးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုကဲ့သို့ ဘိုင်အိုဒီဇယ်သုံး မီးဖိုထုတ်လုပ်အသုံးပြုပုံရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဘိုင်အိုဒီဇယ်သုံး မီးဖို အသုံးပြုသူများအနေဖြင့် မိသားစုငါးယောက်ရှိသော အိမ်ထောင်စုတစ်ခုအတွက် ဝ ဒသမ ၃၄ လီတာခန့်သာ များ ထုတ်လုပ်အသုံးပြုမှုနှင့် စပ်လျဉ်း၍ ယခုကျင်းပသည့် ရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ဘိုင်အိုဒီဇယ်သုံးမီးဖို ထုတ်လုပ်အသုံးပြုပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက ဘိုင်အိုဒီဇယ်သုံးမီးဖို ထုတ်လုပ်အသုံးပြုမှုနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

သမထဝိပဿနာတရားပွဲများ

ရန်ကုန် ဇူလိုင် ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားပွဲများကို ဒလအံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလအံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီဓမ္မာရုံကြီးတွင် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အိုးဘိုဓမ္မာရုံတွင် ၂၃ ရက်မှ ၂၉ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ စုပေါင်းဓမ္မာရုံတွင် ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲ အထိလည်းကောင်း၊ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်တွင် ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိလည်းကောင်း ဟောကြား ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဖခင်ကြီး ဦးချစ်မြိုင်အား ရည်စူး၍ မိခင် ဒေါ်မြနှင့် သားသမီး၊ မြေးမြစ်တစ်စု အမှတ် ၃၃ ဓမ္မစိန္တာလမ်း ကျောက်မြောင်းတို့က အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမှာစကားပြောကြား

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဘိုင်အိုဒီဇယ်သုံး မီးဖိုထုတ်လုပ် အသုံးပြုပုံ ရှင်းလင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များ၊ ဘိုင်အိုဒီဇယ်သုံးမီးဖို ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့အိမ်ပတ်ဝန်းကျင်သုံးစွဲကုန်ကျမည်ကို မိမိတို့ကော်မတီအနေဖြင့် တွက်ချက်တွေ့ရှိရကြောင်း၊ ဘိုင်အိုဒီဇယ်သုံး၊ မီးဖိုသုံးစွဲသူများအနေဖြင့် စက်ပစ္စည်း ချွတ်ယွင်းအားနည်းမှုများရှိက အစားထိုးလဲလှယ်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့ဖွင့်လှစ်ထားသည့် ဝင်းသူဇာ အရောင်းဆိုင်များ၌ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘိုင်အိုဒီဇယ်သုံး မီးဖို

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းနှင့် စက်မှုဇုန်တာဝန်ခံ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့မှ ထုတ်လုပ်ထားသည့် ဘိုင်အိုဒီဇယ်သုံး မီးဖိုများနှင့် ဆက်စပ်ပစ္စည်းများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အထည်အလိပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ်သတင်း

တရုတ် ပြည်နယ်ခုနစ်ခု၌ ရေလွှမ်း။ ၉၄ ဦးသေဆုံး။ ၂၅ ဦး ပျောက်ဆုံး

ပေကျင်း ဇူလိုင် ၉

တရုတ်နိုင်ငံ ပြည်နယ်ခုနစ်ခု၌ ဇူလိုင် ၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံပြည်သူ ၉၄ ဦး သေဆုံးပြီး၊ ၂၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ရေဘေးကြုံ

ရေလွှမ်းမှုဒဏ်ခံရသောပြည်နယ်များမှာ ကျန်စု၊ အန်ဟွေး၊ ဟီနန်၊ ဟူဘေး၊ စီချွမ်၊ ချုံကျင်းနှင့် ရှန်စီပြည်နယ်များဖြစ်ပြီး ဒေသခံပြည်သူ ၁၆ သန်းကျော် ရေဘေးဒုက္ခ ကြုံတွေ့ရလျက်ရှိသည်။

ပျက်စီး

ရေလွှမ်းမှုကြောင့် နေအိမ် ၄၉၀၀၀ ခန့် ပျက်စီးခဲ့ရပြီး ကောက်ပဲသီးနှံများလည်း ပျက်စီးဆုံးရှုံးခဲ့ရာ ဆုံးရှုံးမှုငွေကြေးမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမေရိကန်၌ တောမီးများ လောင်ကျွမ်း

ဝါရှင်တန် ဇူလိုင် ၉

အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်၌ ဇူလိုင် ၉ ရက်က တောမီးများလောင်ကျွမ်းရာ ဒေသခံပြည်သူတို့၏ နေအိမ်များ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

သေဆုံး

တောင်ဒါကိုတာပြည်နယ်၏ သစ်တောနယ်မြေစတုရန်းမိုင် ကိုးမိုင်ခန့် မီးလောင်ကျွမ်းခဲ့ကြောင်း၊ ယင်းသို့ မီးလောင်ကျွမ်းမှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

❒ ကျောဖုံးမှ

ထုတ်လုပ်နိုင်

ဇောတိက-၅ အကဲဖြတ်တွင်းကို ၂၀၀၇ ခုနှစ် ဇွန် ၂၁ ရက်မှ စတင်၍ အနက် ၈၂၉၁ ပေအထိ တူးဖော်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များကို စုစုပေါင်း ၁၅၁ ပေထူသော သဲကြောများအတွင်း၌ တွေ့ရှိရသည်။ ၂၀၀၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် အနက် ၇၃၉၄ ပေမှ ၇၄၁၄ ပေအထိကို စမ်းသပ်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ၃၈ ဒသမ ၃၆ ကုဗပေ သန်းကိုလည်းကောင်း၊ ၅၁၅၉ ပေမှ ၅၁၉၉ ပေအထိ စမ်းသပ်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ၃၃ ကုဗပေသန်းကို လည်းကောင်း ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်။

PTTEPI ကုမ္ပဏီသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်းတွင် ဇောတိက-၁ ရှာဖွေရေးတွင်းကို လည်းကောင်း၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်းတွင် ဇင်္ဂိုလရှာဖွေရေးတွင်းကို လည်းကောင်း၊ ၂၀၀၇ ခုနှစ်အတွင်း ဇောတိက-၁(က)၊ ဃောသက-၁၊ ကာကောဏ္ဍ-၁ ရှာဖွေရေးတွင်းများနှင့် ကာကောဏ္ဍ-၂၊ ဇောတိက-၂၊ ဇောတိက-၃၊ ဇောတိက-၄ နှင့် ဇောတိက-၅ အကဲဖြတ်တွင်းတို့ကို လည်းကောင်း တူးဖော်စမ်းသပ်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးဖြစ်သည်။

ထပ်မံတွေ့ရှိ

ယခု သဘာဝဓာတ်ငွေ့တွေ့ရှိသော ဇောတိက-၅ အကဲဖြတ်တွင်းကို M-9 တွင် ယခင်တွေ့ရှိခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက်များထက် ပိုမိုသက်တမ်းရင့်သည့် ပလိုင်အိုစင်းသက်တမ်း သဲကြောများမှ သဘာဝ ဓာတ်ငွေ့များ တွေ့ရှိခြင်းဖြစ်ရာ လုပ်ကွက် M-9 အတွင်း အလားအလာကောင်းသည့် ဘူမိအနေအထား ခိုင်မာမှုကို ထပ်မံအတည်ပြုခြင်းကြောင့် ဆက်လက်တူးဖော်မည်ဖြစ်ရာ ခန့်မှန်းတွက်ချက်မှုအရ ယင်းလုပ်ကွက်အတွင်း ဓာတ်ငွေ့ ၈ ထရီလီယံကုဗပေနှင့်အထက် ခိုအောင်းနိုင်မည့် အလားအလာကောင်းများကို တွေ့ရှိရသဖြင့် ယခု M-9 မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုသည် ယခင်တွေ့ရှိပြီးဖြစ်သော ရတနာစီမံကိန်း၊ ရဲတံခွန်စီမံကိန်းနှင့် ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့သိုက်တို့ကဲ့သို့ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု ထပ်မံတွေ့ရှိခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 အတွင်းရှိ ဇောတိက-၅ မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ထားရှိမှုကို တွေ့ရစဉ်။ (စွမ်းအင်)

မိုးလေဝသအခြေအနေ

(၁၀-၇-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။



အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ နာဆာ အာကာသ ယာဉ်လွှတ်တင်ရေးစခန်း၌ ပြင်ဆင်မှုများ ပြုလုပ်နေသော အာကာသဆိုင်ရာ ပညာရှင်များကို ဇူလိုင် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းပြဿနာ ကူညီဖြေရှင်းရေး ဂျီစီစီနိုင်ငံခြားရေးဝန်ကြီးများအား ကူဝိတ် တိုက်တွန်း

ကူဝိတ်စီးတီး ဇူလိုင် ၉

ပါလက်စတိုင်းနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်နေမှုများနှင့်ပတ်သက်၍ ကူညီဖြေရှင်းရေးကို ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဂျီစီစီ)မှ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက်ဆာဘာတ်အယ်ဆာလမ်အယ်ဆာဘာတ်က ဇူလိုင် ၆ရက်၌ တိုက်တွန်းပြောကြားလိုက်သည်။

ထိုသို့ ပါလက်စတိုင်းပြဿနာကို ဖြေရှင်းပေးခြင်းဖြင့် ဂျီစီစီ၏ အခန်းကဏ္ဍ ပေါ်လွင်စေမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားသည်။

ဆွေးနွေးကြမည်

ထို့အတူ လက်ဘနွန်နှင့် အီရတ်နိုင်ငံများ၏ အခြေအနေများနှင့် ပတ်သက်၍ ပိုမိုတိုးတက်ဖြစ်ထွန်းမှုများရရှိစေရန်အတွက် ဆွေးနွေးမှုများ ဂျီစီစီနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးကြမည် ဖြစ်ကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ပါဝင်

ကူဝိတ် နိုင်ငံခြားရေးဝန်ကြီး ဆာလမ်အယ်ဆာဘာတ်သည် ဂျီစီစီ၏ လက်ရှိဥက္ကဋ္ဌလည်းဖြစ်သည်။ ဂျီစီစီအဖွဲ့၌ ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် ယူအေအီး နိုင်ငံတို့ ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိုပက်ရေနံတစ်စည်နှုန်း ၇၆ ဒေါ်လာအထိ ၁၁လအတွင်း စံချိန်တင်မြင့်တက်

နယူးယောက် ဇူလိုင် ၉

နိုင်ဂျီးရီးယား ရေနံထုတ်လုပ်မှု ဖရိုဖရဲဖြစ်ကာ အိုပက်၏ ရေနံထုတ်လုပ်မှု ပြတ်တောက်သွားသဖြင့် ရေနံဈေးနှုန်းမှာ ဇူလိုင် ၆ ရက်က တစ်စည်လျှင် ၇၆ဒေါ်လာ အထိ ၁၁လအတွင်း စံချိန်တင် မြင့်တက်သွားသည်။

လန်ဒန်ဘရင့် ရေနံစိမ်းမှာလည်း တစ်စည်လျှင် ၈၇ ဆင့် တက်ကာ ၇၅ ဒသမ ၆၂ဒေါ်လာအထိ ဈေးတက်သွားသည်။

စံချိန်တင်

၂၀၀၆ခုနှစ် ဩဂုတ်လ နောက်ပိုင်း တစ်စည်လျှင် ၇၆ဒသမ၁ဒေါ်လာ အထိ စံချိန်တင်ခဲ့ဖူးသည်။

အမြင့်ဆုံး

အမေရိကန်ရေနံစိမ်းမှာ တစ်စည်လျှင် ၁ ဒေါ်လာတက်ကာ ၇၂ ဒသမ ၈၁ ဒေါ်လာ ပေါက်သည်။ ယင်းမှာ ၂၀၀၆ ခုနှစ်ဩဂုတ် ၂၂ ရက်နောက်ပိုင်း အမြင့်ဆုံးဈေးဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဆိုမာလီ၌ မြေမြှုပ်မိုင်းပေါက်ကွဲ

မိုဂါဒစ်ရှူး ဇူလိုင် ၉

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးတွင် ဇူလိုင် ၆ရက်က ကလေးငယ်များကစားနေသော နေရာအနီး မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ကလေးငယ်ငါးဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် သေဆုံးသွားသော ကလေးငယ်များမှာ အသက်ခြောက်နှစ်မှ ၁၂နှစ်အရွယ်များဖြစ်ကြကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ကမ္ဘာ့အဆင်းရဲဆုံးနှင့် ကျွန်းနိုင်ငံငယ်များဆိုင်ရာသံတမန် မာလီနိုင်ငံသား ဒီရာရာအား ကုလသမဂ္ဂခန့်အပ်

ဂျီနီဗာ ဇူလိုင် ၉

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုဒဏ်ခံစားနေရသော ကျွန်းငယ်လေးများနှင့် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများအတွက် ထိပ်တန်းသံတမန်တစ်ဦးအဖြစ် မာလီနိုင်ငံသား ချက်စီဒီရာရာအား ကုလသမဂ္ဂက ဇူလိုင် ၇ ရက်၌ ခန့်အပ်လိုက်သည်။

မာလီနိုင်ငံသား ချက်စီဒီရာရာသည် အသက် ၅၀ အရွယ်ရှိပြီး လက်ရှိ၌ကုလသမဂ္ဂဆိုင်ရာ မာလီသံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဒီရာရာသည် ကမ္ဘာ့ကျွန်းနိုင်ငံလေးများနှင့် ဆင်းရဲသောနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။

ကုလသမဂ္ဂ၏ တရားဝင်စာရင်းအရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံပေါင်းမှာ ၅၀ရှိနေရာ အာဖရိက၌ ၃၄ နိုင်ငံရှိနေသည်။

တွက်ချက်

ကုလသမဂ္ဂက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဝင်ငွေများအပေါ် အခြေခံ တွက်ချက်သတ်မှတ်ထားခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

လေကြောင်း ပျံသန်းမှုများ ပူးပေါင်း ဆောင်ရွက်ရေး ရုရှားနှင့်ကျူးဘား ပြန်လည်ဆွေးနွေး

ဟာဗားနား ဇူလိုင် ၉

ကျူးဘားနှင့် ရုရှားနိုင်ငံတို့သည် လေကြောင်းပျံသန်းမှုနှင့် လေ့ကျင့်မှုများကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ခဲ့ကြကြောင်း ကျူးဘားမီဒီယာများက ဇူလိုင် ၆ရက်၌ ဖော်ပြသည်။

လက်မှတ်ရေးထိုး

ကျူးဘားမြို့ပြ လေကြောင်းသိပ္ပံနှင့် ရုရှားပို့ဆောင်ရေးဝန်ကြီးဌာနတို့ အနေဖြင့် ခရီးသည်တင် လေယာဉ်များ၊ ကုန်တင်လေယာဉ်များနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ပျံသန်းပေးနိုင်ခဲ့

ကျူးဘားနိုင်ငံသည် ပြီးခဲ့သည့်နှစ်က ရုရှားနိုင်ငံမှ လေယာဉ်ငါးစင်း ဝယ်ယူခဲ့ပြီး တစ်နှစ်တာကာလအတွင်း ရုရှားနှင့် ကျူးဘားခရီးသည် နှစ်သန်းခန့်ကို တင်ဆောင်ပျံသန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျူးဘားနှင့် ရုရှားနှစ်နိုင်ငံတို့သည် မီးရထားနှင့် ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ကြရန်လည်း လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သေးငယ်၍ အစွမ်းထက်သည့် ဂျင်နရေတာ သိပ္ပံပညာရှင်များ တီထွင်အောင်မြင်



လန်ဒန် ဇူလိုင် ၉

သဘာဝတုန်ခါမှုဖြင့် လည်ပတ်နိုင်သည့် သေးငယ်သော ဂျင်နရေတာ (အပေါ်ပုံ)**ကို မကြာမီကာလတွင် နှလုံးခုန်နှုန်းမှန်စေသည့် အီလက်ထရွန်နစ်ကိရိယာ၌ တပ်ဆင် အသုံးချနိုင်တော့မည်ဟု သိရသည်။**

ရည်ရွယ်

ဆောက်သမ်ပတန်တက္ကသိုလ် သိပ္ပံပညာရှင်တစ်စု တီထွင်သည့် အဆိုပါ ဂျင်နရေတာကို ဘက်ထရီများအစားထိုးရန် များစွာခက်ခဲသည့် နေရာများတွင် သုံးစွဲရန် ဖန်တီးခြင်း ဖြစ်သည်။ ကုန်ထုတ်စက်ရုံများမှ ဝိုင်ယာလက်အာရုံခံ ကိရိယာများအား လှုပ်ရှားလည်ပတ်စေရန်အတွက် သုံးစွဲရန် မူလကရည်ရွယ်ခဲ့သည်။

ဆယ်ဆပို

ဤဂျင်နရေတာသည် အရွယ်အစားအားဖြင့် တစ်ကုဗစင်တီမီတာ ထက်ပိုငယ်ပြီး၊ စွမ်းအင်မှာ အလားတူ ကိရိယာများထက် ဆယ်ဆပိုကြီးမား ကြောင်း တီထွင်သူများက ပြောကြားသည်။

တပ်ဆင်အသုံးပြုနိုင်

အနာဂတ်တွင် နှလုံးခုန်နှုန်းမှန်စေသည့် အီလက်ထရွန်နစ်ကိရိယာ ကဲ့သို့သော အလိုအလျောက် ကိုယ်တိုင်အားသွင်းသည့် ဆေးဘက်ဆိုင်ရာ စက်များတွင် တပ်ဆင်အသုံးပြုနိုင်သည်။

(အင်တာနက်)

တရုတ်၌ ဇွန်လအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ၃၀၉ဦးသေဆုံး

ပေကျင်း ဇူလိုင် ၉

တရုတ်နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် ၃၀၉ ဦး သေဆုံးပြီး ၄၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနက ဇူလိုင် ၆ ရက်၌ သတင်းထုတ်ပြန်သည်။

ဇွန်လအတွင်း ပြည်သူ ၉၆ဒသမ ၆၁ခန့်မှာ သဘာဝဘေးဒဏ် ခံစားခဲ့ရပြီး အစိုးရအနေဖြင့် ပြည်သူ ၁ ဒသမ ၈သန်းအား ပြန်လည် ကယ်ဆယ်ရေးနှင့် နေရာချထားရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

ဆုံးရှုံး

မိုးသီးများကျသော မုန်တိုင်းများ၊ ရေလွှမ်းမှုများ၊ မြေပြိုမှုများနှင့် ရွှံ့ညွန်များနှင့် ကျောက်တုံးများ ပြိုကျခြင်းစသည့် သဘာဝဘေးဒဏ်များကို ရင်ဆိုင်ခံစားခဲ့ရကြောင်း၊ စိုက်ပျိုးမြေဟက်တာ ၁၂၉၂၂ သန်းနှင့် နေအိမ် ၂၈၀၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း၊ ထို့ပြင် စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၀၆ဘီလီယံရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ရေလွှမ်းမှုများ ဖြစ်ပေါ်နေသည်ကို ဇူလိုင် ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ စက်မှု (၁)၊ သမဝါယမနှင့် မွေး/ရေအသင်းတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမဆင့်အုပ်စုပြိုင်ပွဲများကို ယနေ့နံနက်နှင့် ညနေတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပေါင်းလောင်းအားကစားကွင်း

နံနက် ၇နာရီခွဲပွဲစဉ် (က) အုပ်စု

အမှတ်(၁)စက်မှုဝန်ကြီးဌာန	ရှစ်ဂိုး။
ပို့ဆောင်ရေးဝန်ကြီးဌာန	ဂိုးမရှိ။

ဒိုင်လူကြီး - ဦးကျော်မင်း(အဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄နာရီပွဲစဉ် (က) အုပ်စု

သမဝါယမဝန်ကြီးဌာန	လေးဂိုး။
အမှတ်(၂)စက်မှုဝန်ကြီးဌာန	တစ်ဂိုး။

ဒိုင်လူကြီး - ဦးမွေးကြိုင်

လယ်ဝေးမြို့နယ်အားကစားကွင်း

ညနေ ၄နာရီပွဲစဉ် (ခ)အုပ်စု

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန	တစ်ဂိုး။
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	ဂိုးမရှိ။

ဒိုင်လူကြီး - ဦးလှဝင်းထွန်း (အဖွဲ့ချုပ်)

ဇူလိုင် ၁၀ရက် နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ခ)အုပ်စုမှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ ညနေ ၄နာရီတွင် (ဂ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ ညနေ ၄နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ (ဂ)အုပ်စုမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

အကြိတ်အနယ်ယှဉ်ပြိုင်

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲတွင် (က)အုပ်စုမှ ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပဓာနနာယကဆရာတော် ဒေါက်တာ အရှင် ဓမ္မပိယ [(Ph.D)ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်] အမှူးရှိသော ဝန်ဆောင်ဆရာတော်များ၊ နိကြောဓ သာမဏေ စီမံကိန်းမှ သာမဏေ၁၀၀၊ စုစုပေါင်း အပါး ၁၁၀ကျော်တို့အား နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက် (ဇူလိုင် ၂၂ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် အဆိုပါရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို သဒ္ဓါပွားနိုင်ရန် နှိုးဆော်ထားသည်။

ကုသိုလ် ပါဝင်လိုသူများသည် သင်္ကန်းဒွိစုံ တစ်စုံလျှင်ကျပ်၃၀၀၀နှုန်း၊ ဆွမ်းသံဃာတော်တစ်ပါးလျှင် ကျပ် ၅၀၀နှုန်းဖြင့် ဖုန်း-၅၇၁၃၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဖိတ်စာမရရှိပါကလည်း ကြွရောက်ကြည်ညိုနိုင်ပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

မိုးရွာသွန်းလေသမျှ

(၉-၇-၂၀၀၇)

နေပြည်တော်

၀ ဒသမ ၁၂လက်မ

သထုံ

၇ ဒသမ ၅၂လက်မ

ကော့သောင်း

၃ ဒသမ ၇၄လက်မ

ခန္တီး

၃ ဒသမ ၃၄လက်မ

မောင်တော

၂ ဒသမ ၇၂လက်မ

သံတွဲ

၁ ဒသမ ၈၂လက်မ

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ပထမအကြိုဗိုလ်လုပွဲ စီးပွား/ကူးသန်းက ပို့ဆောင်ရေးကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်းအသင်းက ပို့ဆောင်ရေးအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဂိုးပြတ်ရှုံးနိမ့်

စီးပွား/ကူးသန်းအသင်းသည် ခြေစွမ်းပြကစားပြီး ပထမပိုင်းမှာပင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက ဂိုးများ ထပ်မံသွင်းယူခဲ့ရာ ပို့ဆောင်ရေးအသင်း စိတ်ဓာတ်ကျဆင်းကာ ကစားအားချလိုက်၍ ဂိုးပြတ်ရှုံးနိမ့်သွားခြင်းဖြစ်သည်။

စီးပွား/ကူးသန်း အသင်းအတွက် အနိုင်ဂိုးများကို စထက်နိုင်ဝင်းက သုံးဂိုး၊ မျိုးလှိုင်ဦးက နှစ်ဂိုး၊ မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်းနှင့် ဟိန်းဇာထွန်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ပို့ဆောင်ရေးအသင်းအတွက် တစ်လုံးတည်းသော သိက္ခာဆည်ဂိုးကို ပွဲပြီးခါနီးတွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ကျော်ဒွန်းက သွင်းယူပေးသည်။

ပါဝင်ကစား

အနိုင်ရရှိသွားသော စီးပွား/ကူးသန်း ဘောလုံးအသင်းတွင် **(ဂိုး)** သီဟစည်သူ၊ **(နောက်တန်း)** မိုးဝင်း၊ ချမ်းချမ်း၊ မျိုးဇော်ထွန်း၊ ဇော်လင်းထွန်း၊ **(အလယ်တန်း)** အောင်မျိုးသန့် (ဟိန်းဇာထွန်း)၊ ရာဇာဝင်းသိန်း (ကျော်ဇင်ဝင်း)၊ ဇော်ဇော်အောင် (တင်မင်းထွန်း)၊ မျိုးမင်းထွန်း၊ **(ရှေ့တန်း)** မျိုးလှိုင်ဦး၊ စထက်နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

ပွဲအပြီးပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဘောလုံးအသင်း ဆပ်ကော်မတီဥက္ကဋ္ဌ ဦးနီပေါ (အင်ဂျင်နီယာချုပ်)က "ကျွန်တော်တို့ ဒီလောက်ဂိုးပြတ်နိုင်မယ်လို့ မထင်ခဲ့ပါဘူး။ ကစားသမားတွေရဲ့ ညီညွတ်မှုနဲ့ ဘောလုံးစွမ်းရည် မြင့်မားမှုကြောင့် အခုလို ဂိုးပြတ်အနိုင်ရတာပါ။ အသင်းလိုက် ကစားကွက် ကောင်းမွန်မှုနဲ့ ကြိုးစားမှုကြောင့်လဲ ဖြစ်ပါတယ်။ လက်ရှိချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်ဖို့ ဗိုလ်လုပွဲမှာ ဘယ်အသင်းနဲ့တွေ့တွေ့ အနိုင်ရအောင် ကစားသွားမှာပါ" ဟု ပွဲအပြီး ပြောကြားသည်။

အကောင်းဆုံးပြင်ဆင်

စီးပွား/ကူးသန်း ဘောလုံးအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်းကလည်း "ကျွန်တော်တို့ ဂိုးရတာ စောပြီး ဂိုးများများ သွင်းယူနိုင်လို့ တစ်ဖက်အသင်းက စိတ်ဓာတ်ကျသွားပြီး မထင်မှတ်လောက်အောင် ဂိုးပြတ်သွားတာပါ။ ဒီနေ့ပွဲကျမှ ထူးထူးခြားခြား ပြင်ဆင်တာတော့ မဟုတ်ပါဘူး။ ပွဲစဉ်တိုင်း ဒီလိုပဲ အကောင်းဆုံး ပြင်ဆင်ပြီး ကစားခဲ့တာဖြစ်ပါတယ်။ ကစားသမားတွေ စည်းကမ်းလိုက်နာမှုကောင်းပြီး နည်းပြဆရာတွေရဲ့ ပြင်ဆင်လေ့ကျင့်မှု ကောင်းတာကြောင့်လဲ ခုလို အနိုင်ရတာပါ။ ဗိုလ်လုပွဲမှာ ကာကွယ်ရေးနဲ့ပဲ တွေ့တွေ့၊ စွမ်းအင်နဲ့ပဲ တွေ့တွေ့ အနိုင်ရအောင် ကြိုးစားကစားသွားမှာပါ"ဟု ပွဲအပြီး ပြောကြားသည်။

စီးပွား/ကူးသန်းအသင်းမှ စထက်နိုင်ဝင်းက ပို့ဆောင်ရေးဂိုးသမား မြကိုမင်းကို ဖြတ်ကျော်ကာ အဖွင့်ဂိုးကို ဤသို့သွင်းယူခဲ့သည်။

စီးပွား/ကူးသန်း ရှေ့တန်းထိုးဖောက်ဂိုးသွင်းမှုကို ပို့ဆောင်ရေးအသင်း ဂိုးသမား မြကိုမင်း ဤသို့ ပုတ်ထုတ်ခဲ့ရသည်။

ကစားအားကျ

စီးပွား/ကူးသန်းအသင်းနည်းပြ ဦးအောင်နိုင်ကလည်း "ပထမပိုင်းမှာ ရသင့်ရထိုက်တဲ့ဂိုးတွေ ရသွားတော့ ကစားရတာလွယ်သွားတယ်။ ပြိုင်ဘက်ကလဲ လေးဂိုးလောက် အသွင်းခံရပြီးတော့ ကစားအား ကျသွားတယ်။ ဗိုလ်လုပွဲမှာ ဘယ်အသင်းနဲ့ တွေ့တွေ့ ပွဲကောင်းမှာပါပဲ။ ကာကွယ်ရေးအသင်းကတော့ ဒီပြိုင်ပွဲမှာ ထူးထူးခြားခြား ခြေစွမ်းပြနိုင်တာ တွေ့ရတယ်။ စွမ်းအင်အသင်းကတော့ အရင်ကလဲ တွေ့ဖူးတယ်။ အုပ်စုပွဲမှာလဲ အနိုင်ရခဲ့ပါတယ်။ ပွဲပယ်ခံရသူ၊ ဒဏ်ရာရသူမရှိပါဘူး။ အသင်းခေါင်းဆောင် မင်းသူကတော့ ခါးနာနေလို့ ဒီနေ့ပွဲမှာ မပါနိုင်တာပါ။ ဗိုလ်လုပွဲမှာ ကစားနိုင်ဖို့များပါတယ်" ဟု ပွဲအပြီး ပြောကြားသည်။

စီးပွား/ကူးသန်း အသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ခုနစ်ပွဲ ကစားခဲ့ရာတွင် ရှုံးပွဲမရှိဘဲ ခုနစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ စီးပွား/ကူးသန်းအသင်း တိုက်စစ်မှူး စထက်နိုင်ဝင်းသည် ခုနစ်ပွဲ ကစားရာတွင် စုစုပေါင်း ၁၁ဂိုး သွင်းယူထားပြီး ဟက်ထရစ် တစ်ကြိမ် ရရှိခဲ့သည်။

ယနေ့ပွဲ

ဇူလိုင် ၁၀ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

သတင်းမြင်ကွင်း-ကိုထွေး
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်း အကြိုဗိုလ်လုပွဲများကျင်းပ စိုးမိုးဟိန်းနှင့်မိုးကြိုး၊ သက်ပိုင်စိုးနှင့်ရွှေချစ်သွေးတို့ ဗိုလ်လုရမည် ရိုးရာလက်ဝှေ့ပြိုင်ပွဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိ

သတင်း၊မြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၉

၂၀၀၇ခုနှစ် န၀မအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့လူသစ်တန်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပရာ အလဲထိုး ၁၂ပွဲနှင့် ဒိုင်အဆုံးအဖြတ်တစ်ပွဲ အပါအဝင် ၁၃ပွဲ ယှဉ်ပြိုင်ခဲ့သည်။

အဖွဲ့ချုပ်ဒိုင် ဦးချစ်ကိုက ယခုနှစ် ပြိုင်ပွဲဆိုလျှင် မြန်မာ့ရိုးရာ လက်ဝှေ့နှင့်အလှမ်းဝေးသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပါဝင်ယှဉ်ပြိုင်လာ သည်မှာ ဂုဏ်ယူ အားတက်စရာပင်ဖြစ်ကြောင်း မြန်မာ့အလင်းသို့ရှင်းပြခဲ့သည်။
(မြန်မာ့အလင်း)

ပထမအချီ

လူသစ်တန်း ၄၈ ကီလို လိုက်ဖလိုင်းဝိတ်တန်း အကြိုဗိုလ်လုပွဲများအဖြစ် မိုးကြိုး(တနင်္သာရီ)နှင့် ဝေယံ(ရှမ်းပြည်နယ်–အရှေ့ပိုင်း)တို့ ပထမအချီအစတွင် မိုးကြိုးက ခြေကန်ချက်များနှင့်အတူ ဘယ်ညာတွဲလက်သီးများဖြင့် စတင်ရာ မိုးကြိုးရှောင်ရင်း တိမ်းရင်းပြန်လည်ထိုးသော်လည်း ဝေယံ ညာလက်သီး မျက်နှာထိ၍ မိုးကြိုး အမှတ်စဉ်ရေတွက်ခြင်းခံရသည်။ ပထမအချီ ပြီးဆုံးလုနီးတွင် မိုးကြိုး ညာခြေကန်ချက် ဝေယံဘယ်ခြေထောက်အား ခတ်မိ၍ မိုးကြိုးပစ်ကျသွားသည်။ ပထမအချီအပြီးတွင် သရေဖြစ်သွားပြီး ဝေယံ ဘယ်ခြေအတော်နာသွား၍ ဒုတိယအချီ ဆက်မထိုးနိုင်ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရရှာသည်။ ဒုတိယပွဲအဖြစ် စောဝါးလေး(ပဲခူး)နှင့် စိုးမိုးဟိန်းတို့ယှဉ်ပြိုင်ရာမှာ ပထမအချီတွင် စောဝါးလေးအတင်းဝင် အတင်းထိုးသော်လည်း စိုးမိုးဟိန်းက ရှောင်၍ ထောက်လက်သီး၊ ပင့်လက်သီးများဖြင့် တုံ့ပြန်မှုကြောင့် တစ်ဦးနှင့်တစ်ဦး အနိုင်မရရှိဘဲ သရေဖြစ်နေသည်။ ဒုတိယအချီအစ စောဝါးလေး အတင်းဝင်ထိုးရာ စိုးမိုးဟိန်း ဘယ်ဖြောင့်လက်သီးမျက်နှာထိ၍ အမှတ်စဉ်ရေတွက်ခြင်းခံရသည်။ ဆက်လက်ယှဉ်ပြိုင်ရာဒုတိယအချီ၂မိနစ်၆စက္ကန့်အရောက်တွင် စိုးမိုးဟိန်း ညာလက်သီးမျက်နှာထိမိ၍လဲကျသွားရာ စောဝါးလေးအလဲထိုးဖြင့်အရှုံးပေးလိုက်ရသည်။ ဗိုလ်လုပွဲတွင် စိုးမိုးဟိန်းနှင့်မိုးကြိုးတို့ ဗိုလ်လုပွဲဆင်နွှဲကြရမည်ဖြစ်သည်။

အလဲထိုး

လူသစ်တန်း ၅၁ ကီလို ဖလိုင်းဝိတ်တန်း အကြိုဗိုလ်လုပွဲ ပထမပွဲအဖြစ် ရွှေချစ်သွေး(ကရင်)နှင့် ကျော်စွာ(ရန်ကုန်)တို့ ပထမအချီယှဉ်ပြိုင်ရာ ရွှေချစ်သွေး လက်သီးအားကိုးဖြင့် အတင်းလိုက်ထိုးရာ ကျော်စွာ ရှောင်၍ထိုးသော်လည်း ပထမအချီ ၂မိနစ် စက္ကန့် ၅၀ အရောက်တွင် ရွှေချစ်သွေး၏ အားပါသော ညာလက်သီး ကျော်စွာမျက်နှာထိ၍လဲကျသွားပြီး ပြန်မထနိုင်တော့ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ဒုတိယပွဲတွင် မောင်နိုင်(စစ်ကိုင်း)နှင့် သက်ပိုင်စိုး (တနင်္သာရီ)တို့ပွဲ ပထမအချီတွင် သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးရင်း သရေဖြစ်နေသည်။ ဒုတိယအချီတွင် သက်ပိုင်စိုး၏ လက်သီးချက်များကို မောင်နိုင် လက်ဖြင့် ကာကွယ်ရင်း တံတောင်ရိုက်ချက်များဖြင့် တုံ့ပြန်ရာ ဒုတိယအချီ ၂မိနစ် ၁၆စက္ကန့်အရောက်တွင် သက်ပိုင်စိုး၏ ဘယ်ညာတွဲလက်သီး မောင်နိုင် မျက်နှာအား ဆင့်ထိသွား၍ မောင်နိုင်လဲကျပြီး အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ဗိုလ်လုပွဲတွင် သက်ပိုင်စိုးနှင့် ရွှေချစ်သွေးတို့ ဗိုလ်လုကြမည်ဖြစ်သည်။

လူသစ်တန်း ကီလို ၆၀ လိုက်ဝိတ်တန်းပြိုင်ပွဲတွင် သားသား (တနင်္သာရီ) (ယာ)**က စိုးမင်းဦး**(ရန်ကုန်)**၏ ညာခြေခတ်ချက်ကို ဖမ်းချုပ်ထားစဉ်။** (မြန်မာ့အလင်း)

ဗိုလ်လုပွဲ

လူသစ်တန်း ကီလို၆၀ လိုက်ဝိတ်တန်းအကြိုဗိုလ်လုပွဲပထမပွဲတွင်သားသား (တနင်္သာရီ)နှင့် စိုးမင်းဦး (ရန်ကုန်)တို့ပွဲ ပထမအချီ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်နေရာမှ ပထမအချီ ၁မိနစ် ၂၅ စက္ကန့်အရောက် လူချင်းအပူးတွင် သားသား၏ ဘယ်ညာတွဲလက်သီး စိုးမင်းဦး၏ ညာမျက်ခုံးအပေါ်စပ်ထိ၍ စိုးမင်းဦးလဲကျသွားပြီး ဆက်မထိုးနိုင်ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ဒုတိယပွဲအဖြစ် ရာဇာမင်းခေါင်(ပဲခူး)နှင့် ကျော်ရာဇာ(ကရင်)တို့ပွဲ ပထမအချီ ၄၄စက္ကန့်တွင် ကျော်ရာဇာ၏ ပြင်းထန်အားပါသော ညာဒူးတိုက်ချက် ရာဇာမင်းခေါင် ရင်ဘတ်ထိ၍လဲကျသွားပြီး အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ဗိုလ်လုပွဲတွင် ကျော်ရာဇာနှင့်သားသားတို့ ဗိုလ်လုပွဲဆင်နွှဲမည်ဖြစ်သည်။

ဗိုလ်လုမည်

(ဂ)အဆင့် ၅၁ ကီလို ဖလိုင်းဝိတ်တန်းအကြိုဗိုလ်လုပွဲ ပထမပွဲအဖြစ် ဟိန်းကိုလတ် (ဧရာဝတီ)နှင့် ဖိုးလုံး (တနင်္သာရီ)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီတွင် သရေဖြစ်နေ၍ ဒုတိယအချီ ဆက်လက်ယှဉ်ပြိုင်ရာ ၃၈စက္ကန့် အရောက်တွင် ဖိုးလုံး၏ ဘယ်ညာတွဲလက်သီးအပြင် ဘယ်ဝိုက်လက်သီး ဟိန်းကိုလတ် မျက်နှာအား ပြင်းထန်စွာထိ၍ ဟိန်းကိုလတ်လဲကျပြီးပြန်မထနိုင်ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရရှာသည်။ဒုတိယပွဲအဖြစ်လက်သီးထိုးချက်၊ ခြေခတ်ချက် အသုံးများသည့် ကချင်လေး(ကရင်)နှင့် ဘယ်ညာတွဲလက်သီးများဖြင့် တုံ့ပြန်တတ်သည့် မန္တလာမောင်(မန္တလေး)တို့ပွဲတွင် တတိယအချီအထိ သရေဖြစ်နေရာ ဒိုင်လူကြီးများ ဆုံးဖြတ်ချက်အရ ဒိုင်လူကြီးငါးဦး အနက် ဒိုင်လူကြီးသုံးဦးက မန္တလာမောင်အားအနိုင်ပေး၍ မန္တလာမောင် ဗိုလ်လုပွဲသို့တက်ရောက်သွားပြီး ဗိုလ်လုပွဲတွင် ဖိုးလုံးနှင့်ဆုံတွေ့မည်ဖြစ်သည်။

ပဲခူးတိုင်းမှ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် တပင်ရွှေထီးကလည်း မိမိမြန်မာ့ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုး၍ အနောက်တိုင်းလက်ဝှေ့လောကမှ မြန်မာ့ရိုးရာလက်ဝှေ့လောကသို့ ဝင်ရောက်လာသူတစ်ဦးဖြစ်ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
(မြန်မာ့အလင်း)

(ခ)အဆင့် ၅၄ကီလို ဘင်တန်ဝိတ်တန်းပြိုင်ပွဲတွင် ဆက်ထူးအောင် (ကရင်)**၏ ညာဝိုက်လက်သီးထိုးချက်ကို အောင်သူရ**(ရန်ကုန်)**က ဤသို့ ဘယ်ဒူး၊ ညာတံတောင်တို့ဖြင့် ခုခံကာကွယ်ခဲ့သည်။** (မြန်မာ့အလင်း)

ဆေးမအောင်

(ဂ)အဆင့် ၅၇ကီလို ဖယ်သာဝိတ်တန်းအကြိုဗိုလ်လုပွဲ ပထမပွဲတွင် မိုးကြိုး (မကွေး)နှင့် ဝိုင်ဝိုင်း(ကရင်)တို့ပွဲ ပထမအချီ ၅၅စက္ကန့်အရောက် နှစ်ဦးသားအပူးတွင် ဝိုင်ဝိုင်းက မိုးကြိုးအား ညာဒူးဖြင့်ကပ်ရိုက်ရာ လဲကျသွားပြီ ပြန်မထနိုင်ဘဲ ဝိုင်ဝိုင်းအလဲထိုးဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဒုတိယပွဲတွင် စိန်မင်းကျော်(ဧရာဝတီ) ဆေးမအောင်၍ မိုးထိမိုက်(ရန်ကုန်) ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ဝိုင်ဝိုင်းနှင့်ဗိုလ်လုရမည် ဖြစ်သည်။

အပြိုင်နွှဲမည်

(ဂ)အဆင့် ၆၇ကီလို ဝယ်လ်တာဝိတ်တန်း အကြိုဗိုလ်လုပွဲများတွင် ဆန်းလင်းထက်ကျော် (ကရင်)နှင့် ဖိုးကေ(မန္တလေး)တို့ ပထမပွဲအဖြစ် ယှဉ်ပြိုင်ရာ ပထမအချီတွင် ဖိုးကေ ဘယ်ညာတွဲလက်သီးများဖြင့် အတင်းဖိထိုးရာ ဆန်းလင်းထက်ကျော် ရှောင်ရင်းတိမ်းရင်းဖြင့် ဘယ်ညာဝိုက်လက်သီး၊ ထောက်လက်သီးများဖြင့် တုံ့ပြန်နေရာမှ ပထမအချီ ၁မိနစ် ၈ စက္ကန့်တွင် ဖိုးကေ၏ ဘယ်ညာတွဲလက်သီး မျက်နှာဆင့်ထိ၍ ဆန်းလင်းထက်ကျော် လဲကျသွားပြီး ဖိုးကေ အလဲထိုးဖြင့် ဗိုလ်လုပွဲတက်ရောက်သွားသည်။ ဒုတိယပွဲတွင် စိုးတင့် (ဧရာဝတီ)နှင့် တပင်ရွှေထီး (ပဲခူး)တို့ ယှဉ်ပြိုင်ရာ လက်သီးအားကိုးသည့် စိုးတင့်(ဧရာဝတီ)နှင့်ခြေကန်ချက်၊ ခတ်ချက်အသုံးများသည့် တပင်ရွှေထီး(ပဲခူး) တို့ပွဲ ပထမအချီ ၁ မိနစ် ၈စက္ကန့်အရောက်တွင် တပင်ရွှေထီး၏ ပြင်းထန်သော ညာခြေခတ်ချက် စိုးတင့်၏ ဘယ်ဘက်နံကြားအားထိမိ၍ စိုးတင့်ပြန်မထနိုင်ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရရှာသည်။ တပင်ရွှေထီး ဗိုလ်လုပွဲတွင် ဖိုးကေနှင့် သူနိုင်ကိုယ်နိုင် အပြိုင်နွှဲရမည်ဖြစ်သည်။

ယနေ့အကြိုဗိုလ်လုပွဲများ၏ နောက်ဆုံးပွဲအဖြစ် (ခ)အဆင့် ၅၄ ကီလို ဘင်တန်ဝိတ်တန်းလေးချီပွဲတွင် အောင်သူရ(ရန်ကုန်)နှင့် ဆက်ထူးအောင်(ကရင်) တို့ပွဲမှာ အကြိတ်အနယ်ရှိပြီး သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်နေရာမှ ပထမအချီနှင့်ဒုတိယအချီတို့တွင် သရေဖြစ်နေ၍ တတိယအချီ ဆက်လက်ယှဉ်ပြိုင်ရာ ၁မိနစ် ၅၈စက္ကန့်အရောက် အောင်သူရ အတင်းဝင်ထိုးရာ ဆက်ထူးအောင်၏ ညာလက်သီး အောင်သူရ ဘယ်ဘက်နံရိုးအားထိမိ၍လဲကျပြီး ပြန်မထနိုင်ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ပြီး ဆက်ထူးအောင်(ကရင်) ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

စစ်ကိုင်းတိုင်းနည်းပြ ဦးကျောင်းသားက မြန်မာ့ရိုးရာလက်ဝှေ့ စိတ်ဝင်စားသည့် ပြည်နယ်နှင့်တိုင်းများမှာ ယခုလို ကျင်းပပေးလျှင် မျိုးဆက်သစ်များ ပေါ်ထွန်းလာနိုင်ကြောင်း၊ ယင်းသို့ ပေါ်ထွန်းလာလျှင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများ ပေါ်ထွန်းလာနိုင်ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။
(မြန်မာ့အလင်း)

မေးမြန်း

ပြိုင်ပွဲအပြီး မြန်မာ့အလင်းသတင်းအဖွဲ့သည် အဖွဲ့ချုပ်ဒိုင် ဦးချစ်ကို၊ စစ်ကိုင်းတိုင်းနည်းပြဆရာ ဦးကျောင်းသားနှင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် ပဲခူးတိုင်းမှ တပင်ရွှေထီးတို့နှင့်တွေ့ဆုံ၍ ပြိုင်ပွဲအခြေအနေ၊ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို မေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

ဦးချစ်ကိုက“မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိပြီး ယခုနှစ်ပြိုင်ပွဲဝင်ဦးရေ များပြားလာသည်ကို တွေ့ရကြောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ ဥပဒေစည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာပြီး ထိုးသတ်လာသည်ကို တွေ့ရကြောင်း၊ ယခုနှစ်ဆိုလျှင် မြန်မာ့ရိုးရာလက်ဝှေ့နှင့် အလှမ်းဝေးသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပါဝင်လာသည်မှာ မိမိတို့ ရိုးရာအဖွဲ့ချုပ်အနေဖြင့် ဝမ်းသာဂုဏ်ယူကြောင်း၊ ယခုနှစ်တွင် ပြည်နယ်နှင့်တိုင်း ၁၂သင်း ပါဝင်လာသည်ကိုတွေ့ရကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် နောင်နှစ်များတွင်လည်း ယခုထက် ပိုမို၍ ကျန်ပြည်နယ်နှင့်တိုင်းအသင်းများ ပါဝင်လာအောင်စည်းရုံးသွားမှာဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် လက်ဝှေ့သမားများဝင်ရောက်ယှဉ်ပြိုင်သည့်အတွက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာနိုင်ကြောင်း”ရှင်းပြသည်။

မျိုးဆက်သစ်

စစ်ကိုင်းတိုင်းနည်းပြ ဦးကျောင်းသားက “မိမိ ယခုပြိုင်ပွဲအပါအဝင် ပြိုင်ပွဲကြီး ကိုးကြိမ်တွင် အုပ်ချုပ်သူနည်းပြအဖြစ် စစ်ကိုင်းတိုင်းကိုယ်စားပြု ကိုးကြိမ်စလုံးပါဝင်ခဲ့ကြောင်း၊ ယခုနှစ်ပြိုင်ပွဲကြီးသည် ပြိုင်ပွဲဝင်ဦးရေအများဆုံးဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သွားသည့် ပြည်နယ်နှင့်တိုင်းများမှ ကလေးတွေ ထိုးပုံထိုးကွက် တစ်နှစ်ထက်တစ်နှစ် ကောင်းမွန်လာပြီး စည်းကမ်းပိုင်းနှင့် စိတ်ဓာတ်ပိုင်း မြင့်မားလာသည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ပြိုင်ပွဲကြီးကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ကျင်းပပေးလျှင် ပိုမိုကောင်းမွန်မည်ထင်ကြောင်း၊ ယင်းသို့ ကျင်းပခြင်းဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ ပြည်နယ်အနှံ့ပြန့်ပွားနေပြီး ထွန်းတောက်လာမည့် မြန်မာ့ရိုးရာ မျိုးဆက်သစ်လက်ဝှေ့သမားများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

၆၇ကီလို ဝယ်လ်တာဝိတ်တန်း အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသော တပင်ရွှေထီးကလည်း မိမိသည် အနောက်တိုင်းလက်ဝှေ့မှ မြန်မာ့ရိုးရာလက်ဝှေ့လောကသို့ဝင်ရောက်လာသူဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကို ၂၀၀၆ခုနှစ် (၈)ကြိမ်မြောက်မှ ပါဝင်လာရာ ကြေးတံဆိပ်ရရှိခဲ့ပြီး ယခုအကြိမ်ပါဆိုလျှင် ပြိုင်ပွဲနှစ်ကြိမ်ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ယခုအကြိမ်သည် မိမိအတွက် ကြံ့ခိုင်မှုနှင့်လေ့ကျင့်မှု အထူးကောင်းမွန်လျက်ရှိကြောင်း၊ မိမိနှင့် ဗိုလ်လုပွဲဆင်နွှဲမည့်သူမှာ မန္တလေးတိုင်းမှ ဖိုးကေပင်ဖြစ်ကြောင်း၊ သူ့အား လျှော့မတွက်ဘဲ မိမိ၏ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ယှဉ်ပြိုင်ပြီး မိမိတိုင်းအတွက် ရွှေကုန်ရွှေခန်း ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ဇူလိုင် ၁၀ရက်မှ ၁၂ရက်အထိ ပြိုင်ပွဲရပ်နားထားပြီး ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဗိုလ်လုပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

တပည့်များကို စိတ်ဓာတ်မြှင့်တင်နေသည့် ဖာဂူဆန်

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၉

လာမည့် ဘောလုံးရာသီ၌ လူငယ်ကစားသမားများဖြင့် ပွဲထုတ်ကာ ပရီမီယာလိဂ် ချန်ပီယံကို ကာကွယ်ရန် နည်းပြဖာဂူဆန်၏ လူအင်အားဖြည့်ဆည်းရေး အစီအစဉ် ပြီးဆုံးလုနီးပါး ဖြစ်ခဲ့ပြီ။

ခေါ်ယူဖြည့်ဆည်း

မန်ယူအတွက် ခေါ်ယူဖြည့်ဆည်းလိုက်သော ပေါ်တူဂီတောင်ပံကစားသမား နာနီ၊ ဘရာဇီးကွင်းလယ်ကစားသမား အန်ဒါဆင်၊ အိုဝင်ဟားဂရေ့ဗ်၊ ပိုလန်ဂိုးသမား တိုမက်ဇ်နှင့် အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်တို့သည် လူငယ်ခြေတက် ထိပ်တန်းဘောလုံးသမားများ ဖြစ်ကြသည်။

စိတ်ဓာတ်စစ်ဆင်

လူငယ်ကြယ်ပွင့်များ စုစည်းကာ ပရီမီယာလိဂ် ချန်ပီယံဖလားကို ကာကွယ်မည့် ဖာဂူဆန်သည် လက်ရှိမန်ယူအသင်းမှ အဓိကလူငယ်ကစားသမားများဖြစ်သော စီရိုနယ်ဒိုနှင့် ရွန်နေတို့ကို လာမည့် ဘောလုံးရာသီ၌ ခြေစွမ်းပြနိုင်ရေးနှင့် လူငယ်လူသစ်ကစားသမားများ ဦးဆောင်ကာ နိုင်ပွဲများရယူရန် စိတ်ဓာတ်စစ်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ဖာဂူဆန်သည် မန်ယူအသင်းအောင်မြင်မှုအတွက် အဓိကစွမ်းအားရှင်ဖြစ်လာသော စီရိုနယ်ဒိုအား လာမည့် ပရီမီယာလိဂ် ဘောလုံးရာသီ၌ ဂိုးပေါင်း ၂၀သွင်းယူနိုင်လျှင် ခေါင်းတုံးတုံးကြေးစိန်ခေါ်လိုက်သည်။ ထို့အပြင် စီရိုနယ်ဒိုအနေဖြင့် ဂိုးပေါင်း ၂၀ကျော် သွင်းယူနိုင်လျှင် မန်ယူဘုတ်အဖွဲ့က ဆုကြေးငွေထိုက်ထိုက်တန်တန် ပေးမည်ဟုလည်း ပြောကြားလိုက်သည်။

ဆုကြေးပေးမည်

ဖာဂူဆန်နှင့်စီရိုနယ်ဒိုတို့ ဆရာတပည့်နှစ်ဦးသည် ပြီးခဲ့သည့် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌လည်း စီရိုနယ်ဒို ပရီမီယာလိဂ်၌ ဂိုးပေါင်း ၁၅ဂိုးသွင်းယူနိုင်လျှင် ဆုကြေးပေးမည်ဟု ဖာဂူဆန်ကဆိုခဲ့ရာ စီရိုနယ်ဒိုက ဂိုးပေါင်း ၁၇ဂိုး သွင်းယူပြနိုင်ခဲ့သည်။

ပြောကြား

ယခုလာမည့် ဘောလုံးရာသီအတွက် ဆရာတပည့်နှစ်ဦး လောင်းကြေးခေါ်လိုက်ပြန်ပြီဖြစ်ရာ စီရိုနယ်ဒိုက ဂိုးပေါင်း၂၀ကျော်အောင် မိမိသွင်းယူပြမည်ဟု ပြောကြားလိုက်ပြီဖြစ်သည်။ အကယ်၍ စီရိုနယ်ဒိုဂိုးပေါင်း၂၀မပြည့်လျှင် ခေါင်းတုံးတုံးရမည်ဖြစ်သလို စီရိုနယ်ဒိုပြောသည့်အတိုင်း ဂိုးသွင်းယူနိုင်လျှင် တပည့်ဖြစ်သူ၏ကြိုးစားမှုကို အသိအမှတ်ပြုသည့် အနေဖြင့် ဖာဂူဆန် ခေါင်းတုံးတုံးမည်ဖြစ်သည်။

ဖာဂူဆန်သည် လာမည့်ဘောလုံးရာသီကို လူငယ်လူသစ်များနှင့် ဖြတ်သန်းမည်ဖြစ်ရာ မန်ယူအသင်း၌ အသားကျနေပြီဖြစ်သည့် ကစားသမားများကိုလည်း စိတ်ဓာတ်စွမ်းအား မြှင့်တင်ပေးနေလျက်ရှိသည်။

နည်းပြ ဖာဂူဆန်နှင့် စီရိုနယ်ဒို မည်သူ ခေါင်းတုံး တုံးရမည်လဲ။
(ဓာတ်ပုံ-အင်တာနက်)

မန်ယူတွင် စီရိုနယ်ဒို၊ ရွန်နေ၊ ပေါလ်စခိုးလ်နှင့် ရိုင်ယန်ဂစ်တို့သည် အဓိကမောင်းနှင်အားများဖြစ်ကြောင်း၊ သို့သော် အသစ်ခေါ်ယူလိုက်သည့် လူငယ်ကစားသမားများသည် ခြေစွမ်းထက်မြက်ကြသူများဖြစ်သဖြင့် မိမိတို့၏ အခန်းကဏ္ဍအရေးပါမှုကို မိမိတို့သာ ကြိုးစားယူကြရမည်ဖြစ်ကြောင်း၊ မန်ယူအသင်းသည် အောင်မြင်မှုများကိုသာ မွတ်သိပ်နေသည့် အသင်းဖြစ်ကြောင်း ဖာဂူဆန်က သူ့တပည့်များကို သတိပေးထားပြီဖြစ်သည်။

စွမ်းရည်မြင့်မား

ထို့အပြင် မန်ယူ၌ရှိနေသော ကစားသမားများသည် ဘောလုံးစွမ်းရည် မြင့်မားကြသူများဖြစ်ကြောင်း၊ တစ်ဦးချင်း ဘောလုံးပါရမီ ထူးချွန်ကြသူများဖြစ်ကြောင်း၊ အရေးကြီးသည်မှာ စည်းလုံးမှုနှင့် အနိုင်ရလိုစိတ် မြင့်မြင့်မားမားထားရှိကြရန် လိုအပ်ကြောင်း ဖာဂူဆန်က သူ့တပည့်များအား ပြောကြားလျက်ရှိသည်။

ကြိုးစား

ထို့ကြောင့် ပထမပွဲထွက် လူစာရင်း၌ ပါဝင်နိုင်ရေးသည် မိမိတို့ကြိုးစားအားထုတ်မှု၊ ခြေစွမ်းပြနိုင်မှုများအပေါ်၌သာ တည်နေကြောင်း၊ မန်ယူ၌ လက်ရှိ ပထမကစားသမားစာရင်းဝင် ဘောလုံးသမားများသည် မိမိတို့ခြေစွမ်းနှင့် အရည်အချင်းကို အမြဲတိုးတက်နေအောင် ကြိုးစားနေကြသူများအဖြစ် တွေ့မြင်ရမည် ဖြစ်ကြောင်း အသစ်ခေါ်ယူထားသော ကစားသမားများအား လေ့ကျင့်ရေးကွင်း၌ ဖာဂူဆန်က ပြောကြားခဲ့သည်။

စိတ်ဓာတ်မြှင့်တင်

မန်ယူတွင်ရှိနေသော ကစားသမားများကို ဖာဂူဆန်က လာမည့် ပရီမီယာလိဂ် ဘောလုံးရာသီအတွက် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သလို စိတ်ဓာတ်မြှင့်တင်ပေးမှုများလည်း တစ်ပြိုင်နက်တည်း ရိုက်သွင်းလျက်ရှိသည်။

ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူအသင်းသည် လက်ရှိအနေအထား၌ ပရီမီယာလိဂ်အသင်းများတွင် ပြင်ဆင်မှု၊ ဘောလုံးသမားဖြည့်ဆည်းမှုများ အကောင်းဆုံးဆောင်ရွက်ထားရာ ဖာဂူဆန်နှင့် သူ့တပည့်များ လာမည့်ဘောလုံးရာသီ၌ မည်သို့ဖြတ်သန်းမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

လီဗာပူးတိုက်စစ်မှူး ဆစ်ဆေးအား မာဆေးက အမြဲခေါ်ယူရန်ကြိုးစား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၉

လီဗာပူးတိုက်စစ်မှူး ဒီဂျီဘရီးလ်ဆစ်ဆေးအား မာဆေးအသင်းက အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူရန်မှုအားဖြင့် သဘောတူညီလိုက်ပြီ ဖြစ်သည်။

အကုန်အကျခံ

အဆိုပါ တိုက်စစ်မှူးအား ပရီမီယာလိဂ် အသင်းများဖြစ်ကြသည့် ဝက်စ်ဟမ်း၊ ဘော်လ်တန်နှင့် ပို့စ်မောက်အသင်းများက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ လီဗာပူးအသင်းက ဆစ်ဆေးအား ၂၀၀၄ခုနှစ်တွင် ပေါင် ၁၄သန်း အကုန်အကျခံ ခေါ်ယူထားခြင်းဖြစ်သည်။

ပြီးခဲ့သောရာသီက ဆစ်ဆေးအား လီဗာပူးက မာဆေးအသင်းသို့ အငှားချထားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ၎င်းအား လာမည့်ရာသီ၌ အငှားထပ်မံချထားခြင်း မပြုတော့ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။

ရွေးချယ်

ဝက်စ်ဟမ်းနည်းပြ မက်နက်စ်ဆင်က ဆစ်ဆေးအား နောက်ဆုံးအကြိမ်အထိ ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ သို့ရာတွင် ၎င်းသည် မာဆေးအသင်းကိုသာ ပြောင်းရွှေ့ရန် ရွေးချယ်လိမ့်မည်ဟုဆိုသည်။

မာဆေးက ခေါ်ယူရန်ကြိုးစားနေသည့် လီဗာပူး တိုက်စစ်မှူး ဆစ်ဆေး။ (ဓာတ်ပုံ-အင်တာနက်)

မာဆေးအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းဖြစ်၍ ဆစ်ဆေးအတွက် ရွေးချယ်ရန် အသင့်တော်ဆုံးအသင်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော သုံးနှစ်ကခြေထောက်နှစ်ကြိမ် ကျိုးခဲ့ဖူး၍ လီဗာပူးအသင်း၌ ခြေစွမ်းမပြနိုင်ခဲ့ပေ။

(အင်တာနက်)

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ လန်ဒန်မြို့၌ ဖွင့်ပွဲအခမ်းအနားကျင်းပ

လန်ဒန် ဇူလိုင် ၉

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ရက်က လန်ဒန်မြို့ ထရာဖယ်ဂါရင်ပြင်၌ကျင်းပခဲ့ရာ ပရိသတ်များ ထောင်သောင်းမက လာရောက်ကြည့်ရှုကြသည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ စက်ဘီးအားကစားပြိုင်ပွဲဝင်ပေါင်း ၁၈၉ဦးက ပရိသတ် ၂၅၀၀၀ခန့်ကို ပြိုင်ပွဲမစတင်မီ စက်ဘီးများစီးကာ လှည့်လည်သရုပ်ပြခဲ့ကြသည်။

ထွက်ခွာ

စက်ဘီး အားကစားသမားများက ပရိသတ်များအား လှည့်လည်မိတ်ဆက်ခဲ့သည်။ အဆိုပါ ရင်ပြင်မှ စက်ဘီးအားကစားသမားများသည် ဇူလိုင် ၈ရက်တွင် စတင်တာထွက်မည်ဖြစ်သည်။ ယင်းတာလွတ်ခရီးစဉ် အကွာအဝေးမှာ ၇ဒသမ၉ကီလိုမီတာကွာဝေးသည်။ ယင်းရင်ပြင်မှ လန်ဒန်မြို့ကို လှည့်လည်ပြီး ကင့်မြို့သို့ ခရီးထွက်ခွာကြမည်ဖြစ်သည်။

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲအဖွင့်၌ စက်ဘီးစီး အားကစားသမားများက ပရိသတ်များအား ဤသို့လှည့်လည် မိတ်ဆက်ခဲ့ကြသည်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ(တိုးဒီဖရန့်)ကို အင်္ဂလန်နိုင်ငံမှ စတင်တာထွက်မှုမှာ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကိုပါဖလားဘောလုံးပွဲများ ဆက်လက်ယှဉ်ပြိုင် ဘရာဇီးနှင့်ဥရုဂွေး အကြိုဗိုလ်လုပွဲတက်ရောက်

ဘရာဇီးအတွက် အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသော ရော်ဘင်ဟို။
(ဓာတ်ပုံ- အင်တာနက်)

ဆန်ခရစ္စတိုဘယ် (ဗင်နီဇွဲလား)
ဇူလိုင် ၉

ကိုပါဖလား ဘောလုံးပြိုင်ပွဲများကို ဇူလိုင် ၈ ရက်က ဆက်လက်ကျင်းပရာ ဘရာဇီးအသင်းသည် ချီလီအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

သွင်းယူ

ဘရာဇီးအသင်းသည် ချီလီအသင်းကို ပထမပိုင်း၌ပင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဘရာဇီးက သုံးဂိုးထပ်မံ သွင်းယူခဲ့သည်။ ပွဲပြီးရန် ခုနစ်မိနစ်အလိုတွင် ချီလီက နှစ်သိမ့်ဂိုး တစ်ဂိုးသာပြန်သွင်းနိုင်ခဲ့သည်။

စံချိန်တင်ဂိုး

အဆိုပါ ကိုပါဖလား ဘောလုံးပြိုင်ပွဲတွင် ဘရာဇီးမှရော်ဘင်ဟိုသည် ကိုပါဖလား၌ စံချိန်တင် ဂိုးသွင်းခဲ့သည့် ပီလီကဲ့သို့ စံချိန်တင်ဂိုး ရှစ်ဂိုးမြောက် သွင်းယူနိုင်ခဲ့သည်။

အနိုင်ရ

ထိုနေ့က အိမ်ရှင် ဗင်နီဇွဲလားအသင်းနှင့် ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဥရုဂွေးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဥရုဂွေးအသင်းအတွက် ဒီဂိုဖော်လန်က နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘရာဇီးအသင်းသည် အကြိုဗိုလ်လုပွဲတွင် (၁၄) ကြိမ် ချန်ပီယံဖြစ်ခဲ့သော ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **လီဗာပူးတိုက်စစ်မှူး ဘယ်လာမီအား ပေါင်ခုနစ်သန်းခွဲဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက ပြောကြားသည်။**

* အက်စ်တွန်ဗီလာ ကွင်းလယ်ကစားသမား လီဟန်ဒရီအား အသင်းက ထပ်မံစာချုပ်ခြင်းမပြုခဲ့၍ မစ်ဒယ်ဘရော့က ခေါ်ယူသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

* **ဝင်ဘယ်ဒန် တင်းနစ်အမျိုးသမီး ဗိုလ်လုပွဲတွင် အမေရိကန်သူ ဗီးနပ်စ်ဝီလျံက ပြင်သစ်နိုင်ငံသူ မာရီယွန်ဘာတိုလီအား ၆-၄၊ ၆-၁ ဖြင့် အနိုင်ရပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။**

(အင်တာနက်)

10-7 (13) 1 7/9/07, 1:38 PM

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပြည်မြို့၊ မြန်မာ့သစ်လုပ်ငန်း၊ နဝရတ်ရိပ်သာဝင်းနေ
ဦးနေဝင်း (မန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်းအခြေစိုက်အလုပ်ရုံ)-ဒေါ်စန်းစန်းဝင်း
(အလယ်တန်းပြ၊ ငြိမ်း)တို့၏သားဦး

မောင်နေအောင်ကို (4th Year, Myanmar Maritime University)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်(၁)ရပ်ကွက်၊ အောင်ချမ်းသာ ၅လမ်း၊ အမှတ် ၇၆နေ
ဦးမောင်သောင်း(Chairman, Aung Thaung Co., Ltd. & YTE Co., Ltd.)-ဒေါ်ကြည်ဝင်း
(Director, Aung Thaung Co., Ltd. & YTE Co.,Ltd.)တို့၏သမီး

မမြဟေမာသောင်း(ခ)မခိုင်ဇာသွယ် (1st Year, English)

တို့၏ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော စမ်းချောင်းမြို့နယ်တရားသူကြီး ဒေါ်ခင်စန်းမြင့်၊ ၈-၇-၂၀၀၇ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များချီးမြှင့်ပေးသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် နှင့်ဇနီး ဒေါ်ဝင်းဝင်းနုအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိအရာရှိကြီးများနှင့်ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးများ၊ မိတ်သင်္ဂဟများအား လည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် မိတ်ကပ်နှင့်မင်္ဂလာဝတ်စုံချုပ်ပေးသော မိတ်ကပ် ခင်စန်းဝင်းနှင့် ဗီဒီယိုနှင့်ဓာတ်ပုံ မှတ်တမ်းတင်ပေးသော ဦးအကိုင်းနှင့်အဖွဲ့၊ နိုင်နိုင်ထွန်းနှင့်အဖွဲ့အား လည်းကောင်း၊ မေတ္တာဖြင့် စိန်ရတနာအလှဆင်ပေးသော ဆရာမဒေါ်မြင့်မြင့်အေး၊ မင်္ဂလာပန်းကြဲပေးသော မဖူးမြတ်သန့်ဇင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာနှင်းမျိုးအောင် တို့အားလည်းကောင်း၊ပန်းအလှဆင်ပေးသော ကိုခင်မောင်ဝင်းအဖွဲ့အားလည်းကောင်း၊မင်္ဂလာသတို့သားအရံ မောင်မိုးဟိန်းဖြူနှင့်မောင်သက်လှိုင်၊ မင်္ဂလာသတို့သမီးအရံ မမေဖြူစင်နှင့်မအေးမိုးဖြူတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ လိုလေသေးမရှိဆောင်ရွက်ပေးသော ယုဇနဂါးဒင်းဟိုတယ်မှဝန်ထမ်း များအားလည်းကောင်း၊ မင်္ဂလာပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေအောင်ကို-မမြဟေမာသောင်း(ခ)မခိုင်ဇာသွယ်။

လူတိုင်းအတွက် မရှိမဖြစ် လိုအပ်ချက်က

Good Health ဂျာနယ်

ကျန်းမာသူများ ပို၍ကျန်းမာပြီး အရွယ်တင်နုပျိုအသက်ရှည်စေမည့် အကြံပေးချက်များ
မကျန်းမာသူတို့အတွက် ဝေဒနာသက်သာစေမည့် နည်းလမ်းများ။ မိမိကိုယ်မိမိ ယုံကြည်မှုရစေမည့် အလှပြုပြင်နည်းများ
ဆေးကျောင်းသားများနှင့် ဆရာဝန်များအတွက် တစ်ပတ်အတွင်း အင်တာနက်သတင်း အသစ်စက်စက်များ
တစ်ခါဖတ်ရုံမက အမြဲတမ်း အိမ်တိုင်း၊ ဆိုင်တိုင်း၊ ရုံးခန်းတိုင်း၊ ဆေးခန်းတိုင်း၊ ဆေးရုံတိုင်း၊
စာကြည့်တိုက်တိုင်းမှာ ဆောင်ထားနိုင်အောင် စီစဉ်ပေးထားပါတယ်။
★ အပတ်စဉ် **အင်္ဂါနေ့တိုင်း** ဝယ်ယူဖတ်ရှုနေကြသည့် ပရိသတ်အားလုံးကို အထူးကျေးဇူးတင်ပါသည်။ ★

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်၊ (၈)ရပ်ကွက်၊ မီးဒုံးလမ်း၊ အမှတ် ၂၄/က ဟုခေါ်တွင်သည့် အလျား ပေ ၂၀ Xအနံ ပေ ၆၀ အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်များ ဖြစ်သည့် ကွယ်လွန်သူ ဒေါ်အေးကျင်၏သမီးများဖြစ်ကြသော ဒေါ်ဆန်းဆန်းမြင့် ၁၂/အစန(နိုင်)၁၆၅၂၇၂နှင့် ဒေါ်ကြူ ကြူခင် ၁၂/အစန(နိုင်)၁၆၅၂၇၃တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ဤကြော်ငြာပါပြီး ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် စာချုပ်ချုပ်ဆိုဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နမ့်ဖြူပြာမြင့် LL.B	**ဦးအောင်ကျော်မင်း**
ဒေါ်ဝင်းကြည် LL.B	**B.A.,D.A..,R.L**
ဒေါ်ရွှေမိုးညွန့် LL.B	**တရားရုံးချုပ်ရှေ့နေ**
အထက်တန်းရှေ့နေများ	

အမှတ် ၅၀၊ ပထမထပ်၊ အခန်း ဒီ/၄၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၁၄၃၉။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မုံရွာမြို့၊ အမှတ် ၂၉၄၊ ဗိုလ်ချုပ်လမ်း၊ အေးသာယာရပ်နေ
ဦးကျော်ဝင်း- ဒေါ်ခင်မလေးတို့၏သားကြီး

ဗိုလ်ကြီးချမ်းမြေ့ B.E (Aeronautical) D.S.T.A
M.E (Aircraft Design) M.A.T.I Moscow

နှင့်

ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာ၊ မင်းလမ်းမနေ
(ဦးအောင်ကြူရှိန်)- ဒေါ်ယဉ်ယဉ်အေးတို့၏သမီး

မမူမူအောင် B.A (Myanmar)

တို့သည် နှစ်ဖက်သောမိဘများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများ
ရှေ့မှောက်၌ ၈-၇-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးချမ်းမြေ့-မမူမူအောင်။

ဘမန်တော် အဆက်ဆက်က အတို့အလှည့် သံသရာကို
ဟောတော်မူခဲ့ကြ၏။

ဧရာဝတီ ဖလော်တီလာ
ကျော်ဦးလှ

IRRAWADDY FLOTILLA
by Alister McCrae & Alan Prentice

အလှစာပေ ဖုန်း - ၅၆၅၆၁၀ ထွက်ပြီ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊ လူနေရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၈၂၉၊ ဧရိယာပေ ၆၀ xပေ ၄၀၊ စတုရန်းပေ ၂၄၀၀ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ် အမှတ် ၁၄၅၃/၂၀၀၁အရ မူလအမည်ပေါက်သူ ဒေါ်ကျင်မှုံထံမှ ဝယ်ယူ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးအောင်ထွန်း ၁၀/ရမန(နိုင်)၁၄၈၆၈၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆိုပါမြေကွက် ၏ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်းရှိ အကျယ်အဝန်း ပေ ၆၀ x ပေ ၂၀ ဧရိယာစတုရန်းပေ ၁၂၀၀ရှိသော နှစ်(၆၀) မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အာရ်စီနှစ်ထပ်တိုက် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုဝယ်ယူရန် နှစ်ဖက်ညှိနှိုင်း သဘောတူညီခဲ့သဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါပစ္စည်းအရပ်ရပ် တို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများ ရှိမည်ဆို ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ် ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးပိုင်	ဦးအောင်နိုင်ဝင်း	ဒေါ်တင်တင်ခိုင်
LL.B., D.B.L.,D.M.L	LL.B.,D.I.L	LL.B.,D.B.L.,D.M.L.,D.I.L

တရားရုံးချုပ်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၁၀/၁၂(ပထမထပ်)၊ အခန်း ၁၀၄(အီး)၊ ၃၅လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၈၂၄၄(လိုင်းခွဲ-၃၁၃)၊ ၀၉-၅၁-၅၉၆၃၉။

မွေးနေ့ဆုတောင်း

ချစ်သော ကိုကြီးရဲ့ ၁၀-၇-၂၀၀၇ရက်တွင် ကျရောက်သော (၃၈)နှစ်မြောက်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး ငယ်လေး၊ သမီးလေး အာဂူးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး - ငယ်လေး
ချစ်သမီးလေး - အာဂူး။

ထွက်ပြီ
အောင်ကောင်းစုံ I.Q. ဉာဏ်စမ်းပဟေဠိပုစ္ဆာများ
အလုပ်/သင်တန်းဝင်ခွင့်အတွက် I.Q. Test ဖြေဆိုမည့်သူများနှင့် မိမိ၏ I.Q. အဆင့်ကို စစ်ဆေးလိုသူများအတွက် ပြုစုထားသည်။
ဦးမြင့်သန်း(တွဲဖက်ပါမောက္ခ)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး
အလုပ်ခွင်ဝင်ခွင့်ဖြေဆိုသူများအတွက်
အောင်ကောင်းစုံ(၂၀၀၇-၂၀၀၈)
အထွေထွေသိစရာမှတ်စရာမဟုသုတမှတ်စု(ပဟောဠ့် ရတနာစဉ်)
ကေရီစံစာပေ ဖုန်း-၀၉ ၅၁ ၂၉၆၇၀၊ ၀၉၉၉ ၇၀၂၁၄၊

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

Myanmar Voice

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၁)၊ အမှတ် (၁)

■ စပေါ်ပေး အိမ်ငှားသူတွေသတိထား၊ မောင်နမနှစ်ဦး ဘာ့ကြောင့် မိနစ်ပိုင်းအတွင်း ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားတာလဲ၊ ■ အရှေ့တောင်အာရှမှာ အကြီးဆုံးဖြစ်လာမယ့် မြေဖုတ်ပန်းချီကားကြီး၊ ■ ကမ္ဘာ့အရပ်အရှည်ဆုံးလူသားကို မင်္ဂလာခုတင် ဝိုင်းရှာပေးကြပါဦး၊ ■ အဝတ်အစား ၁၀၀ ကျော်ဝတ်ဆင်ထားသူကို ရဲကဖမ်း၊ ■ လူနာငါးဦးကိုသတ်တဲ့ သူနာပြုကို စီရင်ချက်ချပြီ၊ ■ ရာရာပိုဟာရဲ့ အိပ်မက်မင်းသားတွေ၊ ■ ဒီတစ်ပတ် ခေတ်စားနေတဲ့ တိုယိုတာကားမော်ဒယ် ■ အိမ်တွင်း အလှဆင် အိုရီဂါမီခေါက်နည်း၊ ■ ခေါင်းလျှော်ရည်နဲ့ ဆပ်ပြာသုံးသူ ယောကျ်ားတွေ သတိထား ရင်သားကြီးတတ်သတဲ့၊ ■ ကင်းမြီးကောက်နဲ့ အသက်ကယ်နိုင်သလား၊ ■ ကိုရီးယားမှာ ခေတ်စားနေတဲ့ ဉာဏ်ဖွံ့ဖြိုးရေးအိမ်ရှင်မသင်တန်း၊ ■ သမိုင်းမှာ ထရိုဂျန်စစ်ပွဲ တကယ်ဖြစ်ခဲ့ရဲ့လား၊ ■ လီယိုနာဒိုဒီကာပရီယိုဆိုတာ ဘယ်လိုလူစားလဲ၊ ■ အကျဉ်းထောင်ကလွတ်စ ပဲရစ်ဟီလ်တန်ရဲ့ ကံကောင်းခြင်းတွေ၊ ■ အာရှတိုက်မှာ လောလောဆယ်ရောင်းအကောင်းဆုံး စာအုပ်သုံးအုပ်၊

ထွက်ပြီ

မြဝတီမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၉

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက် ရှိရာ ဇူလိုင် ၄ရက် နံနက် ၁၁နာရီခွဲခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာမှ ဦးဖိုးထိန်နှင့် ဒေါ်လှဘီးတို့ လင်မယားနှစ်ဦးသည် ဟင်းသီးဟင်းရွက်ခူးရန် တောတွင်းသို့သွားရောက် ကြစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဒေါ်လှဘီး အသက်(၄၈)နှစ်သည် ခြေထောက်နှစ်ဖက်စလုံးဒူးအောက်မှပြတ်ကာ ဒဏ်ရာရရှိပြီး ဦးဖိုးထိန် အသက် (၄၈)နှစ်မှာ ညာဘက်လက်ဖျံနှင့် မျက်နှာပြင်တစ်ခုလုံး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးဖိုးထိန်နှင့် ဒေါ်လှဘီးတို့အား သက်ဆိုင်ရာတာဝန် ရှိသူများက ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KMD Computer Centre (Since 1996)
လုပ်ငန်းခွင်တွင် Hardware & Network Technician
တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်

❖ Computer Hardware နှင့် Network Technology ပိုင်းဆိုင်ရာ များကို စနစ်တကျသင်ကြားပေးပါမည်။
❖ Microsoft အသိအမှတ်ပြု MCP Examနှင့်MCPA Networking Exam ကိုဖြေဆိုနိုင်ရန် အထောက်အကူပြုမည့် သင်တန်းဖြစ်ပါသည်။
❖ အပတ်စဉ် Technical Seminar များကိုထည့်သွင်းစီစဉ်ထားပါသည်။
❖ သင်တန်းပြီးဆုံးပါက KMD တွင် On-Job Training အဖြစ်ဝင်ရောက် လုပ်ကိုင်နိုင်ရန်အခွင့် အလမ်း ရှိပါမည်။

Duration (300) Hours
Network Engineering
သင်တန်းအပ် လက်ခံနေပါပြီ။
(ရုံးချုပ်) ၅၅၀-၅၅၂၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတား။ ဖုန်း - ၂၄၉၀၅၅ / ၃၈၀၇၇၆ / ၃၈၀၀၁၂၉

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

အထူးကုဆရာဝန်ကြီးများအဖွဲ့ ပြည်ကြီးတံခွန်၌ စစ်ဆေးကုသ မျက်စိဝေဒနာရှင်များအား မျက်မှန်များ အခမဲ့ပေးအပ်လှူဒါန်း

မန္တလေး ဇူလိုင် ၄

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (မန္တလေး)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေး ကလေးဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး၊ တိုင်းရင်းဆေးကုဌာနတို့မှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဇွန် ၃၀ရက် နံနက်၁၀နာရီက ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ရပ်ကွက်နေပြည်သူများကို ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသခြင်းများ လုပ်ဆောင်ပေးကြသည်။

အားပေး

အဆိုပါ အထူးကုဆရာဝန်ကြီးများ၏ဆေးဝါးကုသပေးနေမှုများကို မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့၏ ဆေးဝါးကုသပေးမှုတွင် သမားတော်အဖွဲ့က ကြည့်ရှုလူနာ ၁၇၇ဦး၊ ခွဲစိတ်အထူးကုအဖွဲ့က လူနာ ၃၃ဦး၊ သားဖွားမီးယပ်အဖွဲ့က လူနာ ၈၀၊ ကလေးအထူးကုအဖွဲ့က လူနာ ၈၆ဦး၊ မျက်စိအထူးကုအဖွဲ့က လူနာ ၄၇၁ဦး၊ သွားရောဂါအထူးကုအဖွဲ့က လူနာ၉၂ဦး၊ အရိုးအထူးကုအဖွဲ့က လူနာ ၇၀၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့က လူနာ ခုနစ်ဦး၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့က လူနာ ၂၂ဦး၊ အရေပြား အနာကြီးအထူးကုအဖွဲ့က လူနာ ၃၈ဦး၊ အထွေထွေရောဂါ ကုအဖွဲ့က လူနာ၃၀၈ဦး၊ ကာလသားရောဂါ အထူးကုအဖွဲ့က လူနာ ၁၁ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းအထူးကုအဖွဲ့က လူနာ ၂၀၊ တိုင်းရင်းဆေးကုဌာနကလူနာ ၃၅၃ဦး စုစုပေါင်း ၁၇၆၈ဦး တို့ကို ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသပေးခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံကြီးများတွင် တက်ရောက်ကုသရန် လိုအပ်သော လူနာ ၉၈ဦးကို လွှဲပြောင်းပေးခဲ့သည်။

အခမဲ့

မျက်မှန်လိုအပ်သော မျက်စိဝေဒနာရှင်များကို မျက်မှန် ၃၅၂လက်အခမဲ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ကျောင်းသန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

မြင်းမူ ဇွန် ၂၄

စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျောင်းသန့်ရှင်းရေးသုံးပစ္စည်း လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၉နာရီခွဲက စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံများ ထောက်ပံ့ပေးအပ်ရာ ငွေးပင်တောကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခိုင်ကြူက လက်ခံရယူသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ကျောင်းသန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ငွေးပင်တောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာမဒေါ်နှင်းဖြူဖြူက လက်ခံရယူသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့သည် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမျိုးသန့်နှင့် ခံတွင်းနှင့်သွားဆရာဝန် ဒေါက်တာတင်အောင်ချိုတို့ ဦးစီးပြီး ကျောင်းသူ ကျောင်းသားများအားကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းကို သွားရောက်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က ရွှေတောင်မြို့ သရက်တောရပ်ကွက် ပြည်-ရန်ကုန် အဝေးပြေးလမ်းမကြီးဘေးရှိ ရွှေပြည်သာ ပန်းဥယျာဉ်အတွင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မေ ၃၁ ရက်က ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၃၇ ဦး၏ သားသမီး ၇၀ အတွက် မူကြိုမှ တက္ကသိုလ်အဆင့်အထိ ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၅၂၅၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နုက ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူးများဖြစ်သော ဦးနိုင်ဝင်းဆွေနှင့် ဒေါ်လှလှဆန်းတို့အား ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

ကညွတ်ကွင်းအထက နှစ်(၅၀)ပြည့် ရွှေရတုပွဲကျင်းပရေး အလှူငွေများပေးအပ်

ဖြူး ဇူလိုင် ၅

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းအထက၏ နှစ်(၅၀) ပြည့် (၁၉၅၇-၂၀၀၇)ရွှေရတုပွဲတော်နှင့် (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၈ရက်မှ ၃၀ ရက်အထိ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ရက် နံနက် ၁၀ နာရီက ကညွတ်ကွင်းအထက၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် ဦးဘကျော်နှင့် ဦးမောင်ကိုတို့က ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးကျော်မြင့်အောင်က ငွေကျပ်ငါးသိန်းငါးသောင်းအပါအဝင် အလှူရှင် ၂၁ ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၂၅သိန်းလှူဒါန်းရာ ရွှေရတုဖြစ်မြောက်ရေးဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုပါက ဦးမောင်မောင်သိန်း ဖုန်း-၀၁-၇၂၆၇၇၄၊ ဦးအေးလွင် ဖုန်း-၀၉-၅၁ ၉၀၃၉၇၊ ဦးစိုးတင့် ဖုန်း-၀၁-၃၈၉၆၄၇၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀ ၀၈၁၅၂၊ ဦးနေလင်း ဖုန်း-၀၉-၂၉၀ ၃၁၁၂၊ ဦးအောင်မြင့် ဖုန်း- ၀၅၄-၅၀၀၅၅၊ ဒေါက်တာကျော်မြင့် ဖုန်း- ၀၅၄-၅၀၁၂၈၊ ဦးအောင်မင်း ဖုန်း-၀၅၄-၅၀၀၅၇နှင့် ဦးညီညီဖုန်း- ၀၅၄-၄၀၅၉၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်လုပ်ငန်းခွင် လေ့ကျင့်မှုပညာ ဆင့်ပွားသင်တန်းဆင်း

တောင်ကြီး ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်လုပ်ငန်းခွင်လေ့ကျင့်မှုပညာ ဆင့်ပွားသင်တန်း(၂/၂၀၀၇) ဆင်းပွဲအခမ်းအနားကို ဇွန် ၁၃ရက် ညနေ ၃နာရီက အဆိုပါရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေး၊ ခရိုင်ဦးစီးအရာရှိ ဦးချိမောင်နှင့်မြို့ဦးစီးမှူး ဦးမျိုးညွန့်ရွှေတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ သင်တန်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ မြို့ဦးစီးမှူးက သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်သို့ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာဖတ်ပွဲနှင့် ဆွေးနွေးပွဲ ငွေဆောင်၌ကျင်းပ

ငွေဆောင် ဇွန် ၂၆

ပုသိမ်ခရိုင် ငွေဆောင်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ခန်းမ၌ စာဖတ်ပွဲနှင့် ဟောပြောဆွေးနွေးပွဲကို ဇွန် ၁၇ရက် နံနက် ၁၀နာရီက ကျင်းပရာ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဇာထီး၊ မခင်သန္တာမြင့်နှင့်အမျိုးသမီးရေးရာအဖွဲ့ဝင် မအေဇင်တို့က လုပ်အားပေးခြင်းနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန္ဒာဆွေက ပြန်လည်သုံးသပ်ဆွေးနွေးပြီး စာရေးဆရာမဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ ရေကိုသား၍ အကြားမထင်နိုင်ပါ ဆောင်းပါးခေါင်းစဉ်ဖြင့် ဟောပြောရာ ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသူမခင်ပပနိုင်နှင့်မနီလာတို့အား မေတ္တာလက်ဆောင်အဖြစ် စာအုပ်များပေးအပ်သည်။

ထို့နောက် သဇင်ကြေးမုံစာကြည့်တိုက်အသစ် ဆောက်လုပ်ရန်စုဆောင်းထားသော ပစ္စည်းများနှင့် သဇင်ကျေးရွာတောင်ပိုင်းတွင် ဆောက်လုပ်နေသည့် စာကြည့်တိုက် အဆောက်အအုံ အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

တောင်ငူ မြို့နယ် အမှတ်(၂၀) ရပ်ကွက် နတ်သျှင်နောင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာ ခင်းခြင်းလုပ်ငန်းကို မေ ၂၅ ရက်က တောင်ငူ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမြေ့နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်သူဝင်းတို့ ကြပ်မတ်ဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

ဘွဲ့တံဆိပ်တော်ရဆရာတော်များ ဂုဏာဝိသိဋ္ဌပူဇာပွဲ မလှိုင်မြို့၌ကျင်းပ

မလှိုင် ဇွန် ၂၆

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကောဏ္ဍည(မန်ဆူဆရာတော်)နှင့် သာသနတက္ကသီလ ဓမ္မာစရိယ အရှင်နန္ဒာစရိယ B.A (Buddhism) ဆရာတော်နှစ်ပါးတို့အား ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို ဇွန်၁၄ရက်က မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကောဏ္ဍည ဆရာတော်ထံမှ ငါးပါးသီလခံယူ၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ မန်ဆူဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းကို တံခွန်တိုင်ကျောင်း ဆရာတော် ဦးရေဝတက လည်းကောင်း၊ အရှင်နန္ဒာစရိယ၏ ထေရုပ္ပတ္တိကိုကမ္ဘာအေးဆရာတော်ကလည်းကောင်းရွတ်ဖတ်ပူဇော်ပြီး ဆရာတော်နှစ်ပါးအား ချီးကျူးဂုဏ်ပြု ဂါထာတော်များနှင့် တေးထပ်များကို ဆရာတော်၏ တပည့်များက ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန်ဆူဆရာတော်နှင့် အရှင်နန္ဒာစရိယ ဆရာတော်နှစ်ပါးတို့အား အလှူငွေနှင့်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး **(အပေါ်ယာပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားကို လေးမျက်နှာကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးခမ္မိကထံမှ နာယူကြကြောင်း သိရသည်။ **(၄၁၉)**



မိခင်ကြီး ဒေါ်သောင်းအား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နန္ဒဝန်လမ်း အမှတ် ၃၂နေ ကျန်ရစ်သူမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဥပဒေရေးရာနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ဟိုပန်၌ ကျင်းပ

ဟိုပန် ဇွန် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟိုပန်မြို့နယ်တွင် ဥပဒေရေးရာနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇွန်၁၆ရက် နံနက် ၉နာရီက အခြေခံပညာ အထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** အဖွဲ့ဝင် ခရိုင်ရဲမှူး တင်ထွန်း၊ ခရိုင်တရားသူကြီး ဦးသိန်းဝင်း၊ ခရိုင်ဥပဒေအရာရှိ ဦးမြင့်ဝင်းနှင့် ခရိုင်ဆရာဝန် ဒေါက်တာ သန်းဌေးအောင်တို့က ဥပဒေရေးရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဥပဒေဆိုင်ရာ အထွေထွေ ဗဟုသုတများ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည့် ကျန်းမာရေးပညာပေးမှုများ ရှင်းလင်းဆွေးနွေးပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသူ ကျောင်းသားများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများက ဆွေးနွေးချက်များအပေါ် စိတ်ပါဝင်စားစွာ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်

ဘားအံ ဇူလိုင် ၄

ကရင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်ညနေ၄နာရီက ကရင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဝန်ထမ်းများ၊ ဝန်ထမ်း သားသမီးများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်း သားသမီး ၃၀တို့အား ပညာသင် ထောက်ပံ့ ကြေးငွေနှင့် ဝတ်စုံစရိတ် စုစုပေါင်း ငွေကျပ် ၁၈၆၁၀၀ ကိုပေးအပ်ခဲ့ကြောင်း သိရသည်။ *(အောက်ပုံ)* *(ခရိုင် ပြန်/ဆက်)*

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

စစ်တွေ ဇူလိုင် ၁

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက်၈နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌကိုယ်စား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟို ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ရခိုင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရခိုင်ပြည်နယ် ခေတ္တပြည်နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စောမောင်က ဖတ်ကြားသည်။

ချီးမြှင့်

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်ဝင်းက ဗဟိုအဆင့်တွင်အထူးဆုရရှိသူများကိုလည်းကောင်း၊ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် တာဝန်ရှိသူများက လည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ဟောပြော

ဆက်လက်ပြီး အခမ်းအနားကို ကျင်းပရာ စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်နယ်ဥပဒေအရာရှိ ဦးချစ်ကိုကိုက မူးယစ်ဆေးဝါးနှင့်ဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ စစ်တွေပြည်သူ့ဆေးရုံကြီးမှ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မာသိန်းက မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် ကျန်းမာရေးအသိပညာ သိကောင်းစရာများကို လည်းကောင်း ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့လှပရေး ပန်းပင်များပျိုးထောင်

သန်လျင် ဇွန် ၂၅

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက်လိုအပ်သည့် ပန်းအလှပင်များရရှိရန် အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်ဥမ္မာခိုင် ကြီးကြပ်သော အဖွဲ့ဝန်ထမ်းများက ရုံးတွင်း ပျိုးဥယျာဉ်အတွင်း ဇွန် ၁၄ရက်က ပန်း အလှပင်များ ပျိုးထောင်ဆောင်ရွက်လျက်ရှိရာသို့ ဦးစီးအရာရှိဒေါ်ခင်စန်းမြင့် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာဖတ်ပွဲကို ဇွန် ၁၉ရက်က ရုပ်မြင်သံကြားခန်းမတွင် ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က စာဖတ်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်စာရေး သားသမီး ၂၅ဦးအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်က ၂၀၀၇-၂၀၀၈ ပညာသင်စရိတ်ငွေကျပ် ၃၇၉၀၀၀ကို ရဲအုပ်သန်းထွန်းသို့ ပေးအပ်စဉ်။ (က-ပ)

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပ

ရေဦး ဇွန် ၃၀

ရေဦးမြို့နယ် ပုဏ္ဏကားကျေးရွာ၌ ခြံစည်းရိုးကြက်ဆူစိုက်ပွဲနှင့် ပညာပေးဟောပြောပွဲကို ဇွန် ၂၃ရက်ကကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက ကြက်ဆူပင်စိုက်ပျိုးရေးနှင့် အကျိုးကျေးဇူးများ၊ မြို့နယ်အတွင်းရေးမှူး ဦးစိန်လင်းက စီမံကိန်းသီးနှံများပြည့်ဝစွာ စိုက်ပျိုးနိုင်ရေးအကြောင်း၊ စိုက်ပျိုးရေး မန်နေဂျာ ဦးဆွေက ကြက်ဆူစိုက်ပျိုးနည်းစနစ်များအကြောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးတင့်အောင်က နိုင်ငံတော်ပြောင်းလဲတိုးတက်မှုများအကြောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးမြင့်နိုင်က အမျိုးသားရေး တာဝန်များအကြောင်း ပြောကြားပြီး ကြက်ဆူပင် စိုက်ခင်း၌ အပင် ၂၄၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ကြွေရည်တင်သည့် Pneumatic Slurry Pump ဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း လက်အောက်ရှိ ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ် (၁)အတွက် ကြွေရည်တင်စက်နှင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေ/ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(က)	ကြွေရည်တင်သည့် Pneumatic Slurry Pump (0 to 42 gallons per minute) 8.8Kg/cm2 for Enamel Slip to storage Tank	1Set

၂။ တင်ဒါပိတ်ရက်မှာ ၄–၈–၂၀၀၇ ရက်ဖြစ်ပြီး ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၁) အမှတ် (၁၁၆) သမိုင်းဘူတာရုံလမ်း (၁)ရပ်ကွက် မရမ်းကုန်းမြို့နယ်တွင် ရုံးချိန်အတွင်း ဆက်သွယ်ပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

၃။ အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ် ၀၁–၆၆၁၃၁၇၊ ၀၁–၆၆၀၈၇၆၊ ၀၆၇–၄၀၈၁၄၆။

ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ် (၁)
မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၉၆၇ Yamaha-DT 125 M/Cဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသက်ကိုကိုဦး ၁၃/သနန (နိုင်) ၀၃၈၁၄၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ပြည်နယ်ရုံး(လားရှိုး)။

အမည်မှန်

အဖ ဦးစိုင်းပျှန်း၏သမီး အထက (၂) သဃ်န်းကျွန်း သတ္တမတန်း(B)မှ မနန်းခမ်းလှိုင်၏ အမည်မှန်မှာ မနန်းခမ်းလှိုင်းဖြစ်ပါသည်။

အထက(၂) သဃ်န်းကျွန်း သတ္တမတန်း(B)မှ မနန်းခမ်းလှိုင်း၏ ဖခင်အမည်မှန်မှာဦးစိုင်းပျှန်းဖြစ်ပါကြောင်း။

ဖခင်–ဦးစိုင်းပျှန်း
သမီး–မနန်းခမ်းလှိုင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးအမှုအမှတ်–၄၉၀

ဦးအာမက်အလီ **နှင့်** ဒေါ်ကျင်သောင်း
အမှတ်–၁၂၊ ၅၅လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်။

တရားလို **တရားပြိုင်**

ဒေါ်ကျင်သောင်း အမှတ်–၂၈၈/၃၀၂ အနော်ရထာလမ်း အမှတ်(၂) ရပ်ကွက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအာမက်အလီက အိမ်အမှတ်(၂၉၄/၂၉၆)အထပ်(၃)၊ အခန်း(၂၇) တိုက်ခန်းအား ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် ဇူလိုင် ၃၀ ရက် မွန်းမတည့်မီ (၉:၃၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

ဝင်းမြင့်ကျော်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Transformers & Accessories	(1) Lot
2.	Electric Motors	(1) Lot
3.	P.V.C, LT Cables	(1) Lot
4.	Pulley, Bearing and Polish Shaft	(1) Lot

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃–၇–၂၀၀၇ရက် မွန်းတည့်(၁၂:၀၀)နာရီ

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁–၇–၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)
အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၂၂၇၄၈၊ ၂၂၀၂၁၄။

Wisdom Village Education Centre
ဆရာကောင်း: B.A (Hons:) M.A (English)
4 Skills - Basic -Intermediate
SAT
GCE
IELTS
Academic - Writing - Speaking
အမှတ် (၂၆၃)၊ တားဂရာလမ်း နှင့် ဗိုလ်မိုးလမ်းထောင့် ဂမုန်းပွင့်ကုန်တိုက်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
Contact : 09-5115486, 01-516680

အမည်ပြောင်း

ဦးမြင့်နိုင်၏သား အထက(၃) ဒဂုံ(မြောက်)၊ Grade 7-Eမှမောင်ဉာဏ်လင်းထက်စံအား မောင်သော်လင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သော်လင်းနိုင်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ်–(၁၀၁/၀၅)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးမြင့်လွင်
မိတ္ထီလာမြို့။ ၂။ ဒေါ်မြင့်မာ

တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၂၅/၀၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဩဂုတ် ၂၄ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ဝါခေါင်လဆန်း ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ အကွက်အမှတ်(ဂ/အောင်ဇေယျာ)ဦးပိုင်အမှတ်(၁၀၅) မြေချိန်ဧရိယာ ၀.၁၁၁မ၀၄၂ကေရှိမြေနှင့် ၎င်းမြေပေါ်ရှိ (၃၀ x ၂၇)ပေရှိ လူနေ တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ် ၆၅သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၁၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက်၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။ (မြန်မာ့အလင်း)**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဇွန် ၂၈ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အောက်လမ်းမကြီး အိမ်အမှတ် ၂၄၃နေ ဦးထွေးလင်း–ဒေါ်ထားစိန်မိသားစုက ငွေကျပ် ၂၆သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများဖြစ်သော ဦးဖိုးကံ–ဒေါ်သိန်းညွန့်၊ ဦးဘအောင်–ဆရာမကြီးဒေါ်ဒေါ်ပု(မုံရွာ ဆူးလေကုန်းရပ်)နှင့် ခင်ပွန်းဦးလှဘော်ဇံတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၂၈လမ်းနေ ဆရာမ ဒေါ်တင်စိန်(ငြိမ်း)နှင့် သား သမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်း သုံးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်စာရိတ္တ (M.A) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ ပြည်၌ ကျင်းပ

ပြည် ဇွန် ၂၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (စီမံ)ဦးမောင်ဖေသည် ဇွန် ၁၃ရက် နံနက် ၈နာရီက ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီး၏ မှာကြားချက်၊ ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ပြည်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ ပြည်ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ထပ်ဆင့်ရှင်းလင်း

အခမ်းအနားတွင် ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေက ဝန်ကြီး၏မှာကြားချက်၊ ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ပြည်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် မြို့နယ်ဦးစီးမှူးများက လုပ်ငန်းများကို တင်ပြဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေနှင့်အဖွဲ့သည် ပြည်မြို့နယ်အတွင်းရှိ ကြခတ်ကျေးရွာ လင်းကျက်သရေဖြာ စာကြည့်တိုက်၊ ဇီးအုပ်ကျေးရွာ သုတဝေဖြာ စာကြည့်တိုက်နှင့် ထန်းပေါက်ကျေးရွာ ဇဝနစာကြည့်တိုက်များသို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇွန် ၁၈ ရက်က ဖြူး မြို့မအနောက်ရပ်ကွက် ၄ လမ်းနှင့် မြောက် ပိုင်း လမ်းကတ္တရာခင်း ပြုပြင်မှုကို ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ ဒေါ်ပိုးပိုးမာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၂၈၄)

ခြင်စည်းရိုးကြက်ဆူပင် ကော့ကရိတ်၌စိုက်ပျိုး

ကော့ကရိတ် ဇွန် ၂၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်နှင့် မြို့နယ်ခြင်စည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၉ ရက်က ယာဉ်စစ်ကွင်းဟောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအား ခြင်စည်းရိုးကြက်ဆူမျိုးပင်များ ပေးအပ်၍ စုပေါင်းစိုက်ပျိုးကြသည်။ **(၀၂၄)**

အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ပေါင်းစည်းချိတ်ဆက် ကြိုးပမ်းဆောင်ရွက်

အသိပညာရှင်၊ အတတ်ပညာရှင်များ စွမ်းအားဖြင့်သာ နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်

နေပြည်တော် ဇူလိုင် ၉

မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၁/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဘိုင်အိုဒီဇယ်သုံးမီးဖိုများနှင့် ဆက်စပ်ပစ္စည်းများ

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီးများ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့မှ ထုတ်လုပ်ထားသည့် ဘိုင်အိုဒီဇယ်သုံး မီးဖိုများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဘိုင်အိုဒီဇယ်သုံး မီးဖိုများ ထင်းနှင့် လောင်စာဆီများ ခြိုးခြံချွေတာနိုင် စက်ပစ္စည်း ချွတ်ယွင်းအားနည်းမှုများရှိပါက အစားထိုးလဲလှယ်ပေး

နေပြည်တော် ဇူလိုင် ၉

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဘိုင်အိုဒီဇယ်သုံး မီးဖိုထုတ်လုပ်အသုံးပြုပုံ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မုတ္တမကမ်းလွန်ဒေသ ဇောတိက-၅ အကဲဖြတ်တွင်းမှ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များ စမ်းသပ်တွေ့ရှိ

ရန်ကုန် ဇူလိုင် ၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆို လုပ်ကိုင်နေသော ထိုင်းနိုင်ငံမှ PTT Exploration and Production International Limited (PTTEPI) သည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9အတွင်း၌ တူးဖော်သည့် ဇောတိက-၅ အကဲဖြတ်တွင်းမှ စီးပွားဖြစ် သဘာဝဓာတ်ငွေ့များကို စမ်းသပ်တွေ့ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

ညောင်တုန်းမြို့နယ်နှင့် တနင်္သာရီမြို့တို့၌ ရေကြီး ရေလျှံမှုများ ဖြစ်ပွား

ရန်ကုန် ဇူလိုင် ၉

ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်အချို့နှင့် လူနေအိမ်အောက်များအထိ ရေလျှံမိုးခဲ့ကြောင်း၊ တနင်္သာရီတိုင်း တနင်္သာရီမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေရပ်ကွက်များအတွင်း ရေများဝင်ရောက်မှုရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)